www.burmeseclassic.com



တကယ်တော့ စတီနိုဂရပ်ဖာ (လက်ရေးတို လက်နှိပ်စက်) စာရေးတစ်ယောက်ဟာ သူ့ကို ဘယ်သူမှတာဝန်မပေးဘဲနဲ့ သူ့သဘောနဲ့သူ ကြိုတင်အမြော်အမြင်ရှိလို့ လာစောင့်နေတာပါ။

မစ္စတာရှုဗ်က 'ကျေးဇူးတင်ကြောင်းနဲ့ လောလောဆယ် ဘာမှ ခိုင်းစရာမရှိကြောင်း' ပြောပြီး…အဲဒီ စာရေးလေးရဲ့နာမည်ကို မေးမြန်း မှတ်သားလိုက်တယ်။ ပြီးတော့ ဌာနကို ပြန်သွားခဲ့တယ်။

စာရေးလေးရဲ့နာမည်က ဝီလျံ ဖြစ်ပါတယ်။

ညဖက်ကျတော့ နယူးယောက်ကို ဦးတည်ခုတ်မောင်းနေတဲ့ အမြန်ရထားကြီးပေါ်မှာ လိုက်ပါသွားတဲ့ မစ္စတာရှုဗ်ကို တွေ့လိုက်ရ တယ်။ ရှုဗ်ရဲ့ မျက်နှာချင်းဆိုင် ထိုင်ခုံနေရာမှာ ထိုင်လျက်သားနဲ့ လိုက်ပါလာသူကတော့ ဝီလျံဆိုတဲ့ စာရေးလေးပါပဲ။

နယူးယောက်မြို့တော်မှာ ဖွင့်လှစ်ထားတဲ့ မစ္စတာရှုဗ်ရဲ့ ရုံးခန်း အဆောက်အဦကြီးမှာ ဝီလျံကို သူ့လက်အောက်မှာ အမှုထမ်းဖို့ ခေါ်သွားခဲ့ တာပါ။ ဝီလျံဟာ အပင်ပန်းခံပြီး ရိုးသားကြိုးစားစွာနဲ့ နှစ်အတော်ကြာကြာ အမှုထမ်းခဲ့ပါတယ်။

သူ့ကို မစ္စတာရှုဗ် အယုံကြည်ဆုံး၊ စိတ်အချရဆုံးအဖြစ် ရာထူးတိုး ပေးခဲ့ရာက နောက်ဆုံးမှာ ဝီလျံဆိုတဲ့ သာမန်စာရေးလေးဘဝ ကနေ သံမဏိ သူဌေးကြီး မစ္စတာရှုဗ်ရဲ့ ကိုယ်တော်အတိုင်ပင်ခံ အရာရှိ ဖြစ်သွားတော့တာပါပဲ။

ဒါဟာလည်း ဝီလျံဟာ သူ့ရဲ့ တခြားလုပ်ဖော်ကိုင်ဖက်တွေ ထက် နည်းနည်းလောက်ပိုပြီး အနစ်နာခံ၊ အပင်ပန်းခံလိုက်တဲ့အတွက် အံ့သြစရာ ကောင်းလောက်အောင် တိုးတက်ခဲ့ခြင်း ဖြစ်ပါတယ်။

မှတ်သားရမယ့် ဥပဒေသက အနစ်နာခံပြီး ကြိုးစားသူရဲ့ နောက် ကွယ်ရာမှာ အခွင့်အရေးက အရိပ်ပမာ ထက်ကြပ်မကွာ လိုက်ပါလာ စမြဲဖြစ် တယ်။

---



အဲဒီအခါတုန်းက…

"တစ်စုံတစ်ခုကို…မဖြစ်မနေ ကြိုးစားအားထုတ်လုပ်ကိုင် ပါ။ ဒါဆိုရင် အဲဒီအရာကို လုပ်နိုင်စွမ်းရှိတဲ့ အလေ့အကျင့်တစ်ခုကို ရရှိပါလိမ့်မယ်" လို့… ပြောခဲ့တယ်။

ဒါကြောင့် တစ်ခုခုကို လုပ်ကိုင်နိုင်စွမ်း ရှိဖို့အတွက် မဖြစ်မနေလုပ်တဲ့ အခါ အခွင့်အလမ်းတစ်ခု ပွင့်သွားမှာ သေချာပါတယ်။

ရှင်းရှင်းပြောရမယ်ဆိုရင်တော့ …

*"ဘာမှ မလုပ်ရင် ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး"*

ဆိုတဲ့စကားလို မဖြစ်ရလေအောင် …

အမြော်အမြင်နဲ့ ကြံစည်ပြီး အကောင်အထည်ဖော်ရပါမယ်။

□□□□□

www.burmeseclassic.com

www.burmeseclassic.com



သူ့နာခညီက အက်ဒဝမ် ဖြစ်ပါတယ်။ အက်ဒဝမ်ရဲ့ အသက် အာမခံကိုယ်စားလှယ်ဝင်ငွေဟာ အစတုန်းကဆိုရင် သူ့အတွက် စား… လောက်သုံးလောက်ရုံပဲ ရှိပါတယ်။ ဒါကြောင့် သူဟာအပြုစိတ်သဘောထားကို… အရင်းတည်ပြီး သူ့ကိုယ်သူ ဆင်ခြင်သုံးသပ်ခဲ့ပါ တယ်။

အင်ဒရူးကာနေဂျီရဲ့ ချမ်းသာကြွယ်ဝခြင်း အကြောင်းတရား… (၁၂)ချက်ကို အသုံးချတတ်ဖို့ စတင်ပြင်ဆင်လိုက်ပါတယ်။

အက်ဒဝမ်ဟာ တစ်စုံတစ်ယောက်အပေါ်မှာ အနစ်နာခံပြီး… ကူညီဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းကို မျှော်လင့်စောင့်စားနေပါတယ်… သူစောင့်ဆိုင်းနေတဲ့ အချိန်ကာလအတွင်းမှာ အခွင့်အလမ်းတစ် ခုပေါ်လာ… တယ်။ အဲဒီအချိန်က သတ္တုသိုက်တွေ ရှာဖွေတူးဖော်နေတဲ့ အချိန်ကာလ… ဖြစ်ပါတယ်။ လူရွယ်တစ်ယောက်ဟာ ကယ်လီဖိုးနီးယားပြည်နယ်ရဲ့… ကန္တာရထဲမှာ သတ္တုတူးဖော်ရေးလုပ်ငန်း လုပ်ရင်းနဲ့ အဆင်မပြေဖြစ်နေတယ်… နောက်ဆုံးတော်ပြတ်ပြီး ဒုက္ခရောက်နေပါတယ်။

အဲဒီလူငယ်ကို အက်ဒဝမ်တွေ့တဲ့အခါမှာ အနစ်နာခံပြီး ကူညီ… ဆောင်ရွက်ဖို့ အခွင့်အလမ်းပွင့်သွားပါတယ်။ အဲဒီလို ဒုက္ခရောက်ပြီး တော်ပြတ်… တဲ့လူရွယ်ကို အက်ဒဝမ်ကစေတနာထားပြီး အိမ်ခေါ်သွားခဲ့တယ်။ ကျွေးမွေး… ခဲ့တယ်။ အဲဒီလူရွယ်အတွက် ထိုက်သင့်တဲ့အလုပ်တစ်ခုကိုလည်း ရှာပေးခဲ့တယ်…

ဒါဟာ အက်ဒဝမ်က တစ်ပါးသူအပေါ် အနစ်နာခံပြီး ကူညီ… ဆောင်ရွက်ခြင်းဆိုတဲ့အချက်ကို လေ့ကျင့်အကောင်အထည်ဖော်လိုက်တာပဲ… နောက်ပိုင်း အဲဒီလူရွယ်လို ဒုက္ခရောက်နေကြတဲ့ သတ္တုရှာ တူးဖော်ဖွေရေးသမား… တွေ တစ်ယောက်ပြီးတစ်ယောက် အက်ဒဝမ်ရဲ့ကူညီမှုကြောင့် အဆင်ပြေ… သွားကြတယ်။

နောက် သိပ်မကြာမြင့်တဲ့ အချိန်ကာလအတွင်းမှာ အပြော… အလဲတစ်ခုသိသိသာသာကြီး ဖြစ်ပေါ်လာတယ်။ အက်ဒဝမ်ရဲ့ အသက်အာ…



…သီ ရောင်းချနှုန်းဟာ တခြားသော အသက်အာမခံ ပေါ်လစီ ရောင်းချနှုန်း… …တက် လိုက်မမှီအောင် အမြင့်ဆုံးအဆင့်ကို ရောက်ရှိသွားတယ်။ နောက်ပြီး …ဒီ အမြင့်ဆုံးအဆင့်မှာ ဆက်လက် တည်မြဲနေတယ်။ ရှင်းရှင်းပြောရရင် …က်ဒဝမ်လောက် ဘယ်သူမှ ဒီလောက်များများ အသက်အာမခံပေါ်လစီကို …ရောင်းချနိုင်ခဲ့တဲ့အဖြစ်မျိုးကို ရောက်ရှိသွားတော့တာပါပဲ။ ဒါတင် မကပါဘူး။ …ဆုံး အက်ဒဝမ်ကယ်ဆယ်ခဲ့ဖူးတဲ့ သတ္တုတွင်း အလုပ်သမားလူရွယ်ရဲ့ …နက်ရှင်ဟာ အက်ဒဝမ်ရဲ့ အာမခံပေါ်လစီဝယ်ယူရာမှာ အာမခံငွေ အများဆုံး …နေတာ အံ့သြစရာပါပဲ။

အက်ဒဝမ်ဟာ အဲဒီအလုပ်ရှင်ကို တစ်ခါမှ အသက်အာမခံ ပေါ်လစီ …ရဲ့ အကြောင်းနဲ့ စကားမစပ်မိခဲ့ဖူးပါဘူး။

အက်ဒဝမ်ဟာ ဒီအရင်တုန်းက ဆိုရင် အသက်အာမခံပေါ်လစီတစ်ခု …အတွက် လှုပ်လှုပ်ရှားရှား ပြောခဲ့ရပေမယ့် လက်တွေ့မှာ တစ်စောင်မှ …ရောင်းခဲ့ရပါဘူး။ တစ်ခါတစ်လေ ရောင်းရပြန်တော့လည်း အလုပ်ဖြစ်ရုံ …လောက်ပဲ ရှိပါတယ်။

အခုလို သတ္တုတွင်းလုပ်သားကလေးရဲ့ ဒုက္ခကို ပထမဆုံးစပြီး …လိုက်ရတဲ့ နောက်ပိုင်းမှာ အက်ဒဝမ်ဟာ အသက်အာမခံ ပေါ်လစီ …ချတဲ့လုပ်ငန်းမှာ အရမ်းအောင်မြင်ထင်ရှားလာခဲ့တယ်။

အဲဒီလို ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ကယ်လီဖိုးနီးယားပြည်နယ်က …တွေ များများစားစား ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေကြတဲ့ စီးပွားရေးသမား …တွေနဲ့ တခြားအရေးကြီး ပုဂ္ဂိုလ်ကြီးတွေဟာ အက်ဒဝမ်ကို လေးလေး …ခေါ်တွေ့ကြတယ်။ အသက်အာမခံ ကိစ္စနဲ့ပတ်သက်ပြီး အက်ဒဝမ်ရဲ့ …ကို အလေးအနက်ထားပြီး ဆွေးနွေးတိုင်ပင်ကြတယ်။ အက်ဒဝမ်ရဲ့ …ချက်တွေကို ယုံယုံ ကြည်ကြည်နဲ့ လက်ခံကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖလှယ်ရာရောက်တဲ့အတွက် အကျိုးအမြတ် ဖြစ်ထွန်းလာနိုင်ပါတယ်။ မိမိ သဘောမပေါက်သေးတဲ့ ဗဟုသုတတွေလည်း မိမိထက်ပိုပြီး သိနေတဲ့ လူတွေဆီက ရရှိနိုင်ပါတယ်။

အဲလိုမျိုး စုပေါင်းဆွေးနွေးကြတဲ့အခါမှာ ဗဟုသုတတွေ ရရှိရုံသာမက စိတ်ပိုင်းဆိုင်ရာ၊ တက်ကြွရှင်သန်မှု စိတ်စွမ်းအင်ကို လည်း မုချ ရရှိနေမှာဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ပေါက်ဖွားပုံခြင်း ဘယ်နည်းနဲ့မှ မတူနိုင်ပါဘူး။ ပတ်ဝန်းကျင် ရိုက်ခတ်မှုချင်းလည်း မတူနိုင်ပါဘူး။

ဒါကြောင့် ဘဝပေးအသိဉာဏ်ချင်းမတူနိုင်တာ သေချာပါတယ်။

ဒါကြောင့် ဘဝဖြစ်စဉ်ဟာ လေ့လာလို့မဆုံးနိုင်တဲ့ တက္ကသိုလ် တစ်ခုလို့ သတ်မှတ်ရင်လည်းရပါတယ်။ အသိပညာရှင်၊ အတွေး အခေါ်ပညာ ရှင်လို့ ကမ္ဘာတစ်ဝန်းက သတ်မှတ်ထားတဲ့ **ဆိုကရေးတီးစ်** က *'လောကမှာ ငါသိတာတစ်ခုပဲ ရှိတယ်။ အဲဒါက ငါဘာမှ မသိသေးဘူး'* ဆိုတဲ့ အချက်ပဲတဲ့။

တကယ်လို့ လောကကို အင်မတန်ကျယ်ပြန့်တဲ့ သစ်တော အုပ်ကြီးတစ်ခုလို့ သတ်မှတ်ထားပါစို့။ လူတစ်ယောက်ရဲ့ ဘဝသက်တမ်း တစ်လျှောက်၊ သူ လေ့လာဆည်းပူး သိရှိနိုင်တာဟာ အဲဒီ သစ်တောကြီးထဲမှာ ကြွေကျနေတဲ့ သစ်ရွက်တစ်ရွက်ရဲ့ အတိုင်းအတာပမာဏလောက်ကိုပဲ သိနိုင်မှာ ဖြစ်ပါတယ်။ သူ မသိသေးတဲ့ သစ်ရွက်ပေါင်းများစွာဟာ သစ်ပင ပေါင်းများစွာပေါ်မှာ ကျန်ရှိနေပါသေးတယ်။

ဒါကြောင့် စုပေါင်းဆွေးနွေးခြင်းဟာ တစ်ယောက်နဲ့တစ် ယောက် အသိဉာဏ်ချင်း ဖလှယ်ရာရောက်တဲ့အတွက် အကျိုးဖြစ်ထွန်းပါတယ်။

တစ်ခါတလေ မထင်မှတ်တဲ့ သာမန်လူတစ်ယောက်ဆီက ဘဝပေး အသိဉာဏ်အရ ထူးခြားပြောင်မြောက်တဲ့ ဗဟုသုတကိုရရှိနိုင်ပါတယ်။ အဲ့ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ဖြစ်ရပ်မှန်တစ်ခုကို ဖော်ပြရမယ်ဆိုရင် **ရုပ်ဆဲလ်ကွန်းဝယ်လ်**ဆိုတဲ့ တရားဟောဆရာ တစ်ယောက်ဟာ ကျောင်း



…ကျောင်းတည်ဆောက်ဖို့ ဒေါ်လာတစ်သန်းကျော်ကျော်လောက် လိုအပ် …တယ်။ အဲဒီအချိန်မှာ ရုပ်ဆဲလ်ဟာ အသင်းတော်ဝင်းထဲ ရောက်သွားတယ်။ …ထဲက မြက်တွေကို နိဂရိုးတစ်ယောက်က ဖြတ်ညှပ်နေတာတွေ့ရတယ်။ …ဆဲလ်က တစ်ဖက်ခြံဝင်းထဲကို မျက်ကနဲလှမ်းကြည့်ပြီး ဟိုဘက်ခြံထဲက …တွေက အသင်းတော်ခြံဝင်းထဲက မြက်တွေထက်စိမ်းနေကြောင်း ပြောလိုက် …။ နိဂရိုးက "ဒီခြံဝင်းထဲက မြက်တွေဟာမြင်နေကျ ဖြစ်နေပြီလေ၊ ဒါကြောင့် …လို့ဖြစ်ပါလိမ့်မယ်" လို့ ဖြေလိုက်ပါတယ်။ နိဂရိုးကသာမန် ပြောရိုးပြောစဉ် …လိုက်တာပါ။ ရုပ်ဆဲလ်ရဲ့ ဦးနှောက်ထဲမှာ လင်းခနဲဖြစ်သွားတယ်။

အဲဒီ စကားလေးတစ်ခွန်းကို အရင်းတည်ပြီး ရုပ်ဆဲလ်က ဆွဲဆန့် …ထားခဲ့တယ်။ နိဂရိုးပြောလိုက်တဲ့ အကြောင်းအရာက တစ်ဆင့်ပွားလိုက်တဲ့ …ပြောချက်ကို ရုပ်ဆဲလ်က အကြိမ်ပေါင်းများစွာ အသုံးပြုခဲ့တယ်။ ရုပ်ဆဲလ် … စိတ်ကူးဉာဏ် ကွန့်မြူးနိုင်တဲ့ အရည်အချင်းရှိတယ်။ ဒါကြောင့် "လူသား …ယောက်ဟာ ရုပ်ဝေးတစ်နေရာကိုသွားပြီး အခွင့်အလမ်း ရှာနေစရာ …ပါဘူး။ အဲဒီအခွင့်အရေးဟာ သူ့ခြေဖဝါးအောက်မှာပဲ ရှိနေပါတယ်။ …တ်ခြံက မြက်ပင်တွေဟာ သူရပ်နေတဲ့ နေရာက မြက်နဲ့ အစိမ်းရောင်ချင်း …တူပါပဲ" လို့ ဟောပြောခဲ့တယ်။ သာမန်လူတွေက နားလည်သဘော …တ်နိုင်တဲ့ နှိုင်းယှဉ်ချက်တွေ ဖြစ်သွားတော့တာပါပဲ။

အဲဒီဟောပြောချက်တွေအတွက် ရုပ်ဆဲလ်အနေနဲ့ ဒေါ်လာ …သန်းမက ရရှိခဲ့တယ်။ အဲဒီဟောပြောချက်အပါအဝင် ဟောပြောချက် …စုပေါင်းပြီး စာအုပ်တစ်အုပ် ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ပါတယ်။ အဲဒီ စာအုပ်ဟာ …င်းအကောင်းဆုံး စာအုပ်တစ်အုပ်အဖြစ် အောင်မြင်ကျော်ကြားခဲ့ပါတယ်။

စာအုပ်ရောင်းလို့ရတဲ့ငွေနဲ့ ပင်ဆယ်လ်ဗေးနီးယားမှာ တင်ပယ်လ် …ာစီတီ တည်ဆောက်နိုင်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဲဒီသဘောတရားတွေကို ဖတ်ပြီး သဘော ပေါက်အော
စူးစမ်းလေ့လာ လုပ်ကိုင်ဆောင်ရွက်သူ မရှိတဲ့လက်ထဲ ကိုတော့ ဘယ်
ကြွယ်ဝချမ်းသာခြင်းကမှ အလိုအလျောက် ရောက် လာမှာ မဟုတ်ပါဘူ

*"တောင်ကြီးကို မိမိအနား ရောက်စေချင်ရင်တော့ တောင် ကြီး
မိမိအနားကို လာမှာမဟုတ်ပါဘူး။ မိမိကသာ တောင်ကြီး ရှိရာ
သွားရမှာဖြစ်ပါတယ်"*

ဒါကြောင့် ချမ်းသာကြွယ်ဝမှု အလုံးစုံကို ပိုင်ဆိုင်ချင်သူ မှန်သမျှဟာ
ဖော်ပြခဲ့တဲ့ အချက်အလက်သဘောတရားတွေကို ကျေကျေ ညက်ညက်ဖြစ်အော
ဖတ်ရှုလေ့လာ ဆင်ခြင်သုံးသပ်ရပါတယ်။

နောက်တစ်ဆင့်က …

လှေကားတက်ဖို့ ကြိုးစားသူလို လှေကားတစ်ထစ်ပြီး တစ်ထ
တက်လိုက်ရင်တော့ သင်ဟာ ထိပ်ဆုံးတစ်နေရာကို ရောက်သွားပါလိမ့်မယ်

ဒီနည်းအတိုင်းပါပဲ။ အလွန်တရာ မြင့်မားတဲ့ တောင်ထိပ်ကို
မော့ကြည့်ပြီး ငါ တက်နိုင်မှာ မဟုတ်ပါဘူးလို့ စိတ်ပျက်အားငယ်တဲ့သူဟာ
ဘယ်တော့မှ တောင်ထိပ်ကို ရောက်နိုင်စရာအကြောင်း မရှိတော့ပါဘူး
***တောင်ပေါ်ကို တက်ဖို့ ပထမဆုံးလှမ်းတဲ့ခြေလှမ်းဟာ တောင်ထိပ်ကို ရောက်
အစပျိုးခြင်း*** ဖြစ်ပါတယ်။ စနစ်တကျ ခြေလှမ်းမှန်မှန်နဲ့သာ တက်သွားပါ
ထိပ်ဆုံးတစ်နေရာဆိုတဲ့ ချမ်းသာ ကြွယ်ဝမှု အလုံးစုံကို ပိုင်ဆိုင်မှာ အမှန်ပါ

တစ်ခုသတိထားရမှာက သင့်ကို ဆန့်ကျင်သူတွေ၊ အပြစ်
တင်သူတွေကြောင့် လမ်းခုလတ်မှာ ရပ်တန့်စရာ မလိုပါဘူး။ အဲလိုမျိုး
အပြစ်တင်ဆန့်ကျင်သူတွေဟာ သင် ထိပ်ဆုံးရောက်သွားတဲ့အချိန်မှာ သင့်ကို
အလိုအလျောက် အံ့သြချီးကျူးဩဘာပေးကြပါလိမ့်မယ်။

ယုံကြည်မှုဆိုတဲ့အချက်ဟာ အပျက်စိတ်ထားနဲ့ ဆန့်ကျင်ဘက်
ဖြစ်ပါတယ်။



ဒါကြောင့် အပြုစိတ်ထားကို ယုံကြည်မှုနဲ့ ပေါင်းသင်းဆက် နွယ်နိုင်
တယ်။ ယုံကြည်မှုက အပြုစိတ်ထားကို ဆွဲငင်နိုင်စွမ်းရှိသလို အပြုစိတ်
းတလည်း ယုံကြည်မှုကို အပြန်အလှန်ဆွဲငင်နိုင်တဲ့အတွက် ယုံကြည်မှု
အင် ဖြစ်ပေါ်လာဖို့ အထောက်အကူ ဖြစ်စေပါတယ်။

ဘဝပေးအခြေအနေအမျိုးမျိုး ရှိတဲ့အထဲမှာ မိမိအတွက်သင့်
င့်လျောက်ပတ်တဲ့ အခွင့်အလမ်းကို ရွေးချယ်ရယူနိုင်တာဟာ ယုံကြည်မှုရဲ့
တီးချက်ပါ။ ယုံကြည်မှုရဲ့ အစွမ်းဟာ သင့်ဆုံးရှုံးမှုတွေကိုတောင်မှ
ောင်မြင်မှုဖြစ်အောင် ဆောင်ရွက်နိုင်ပါတယ်။

လူသားတွေအတွက် အကျိုးပြုတဲ့ တီထွင်မှုတွေဟာ ပေါင်း
င်းဆက်ဆံရေး ပြေလည်စေတဲ့အတွက် သက်သာချောင်ချိစွာနေနိုင် ပါတယ်။
ါတင်မကသေးဘဲ လူတစ်ယောက်ရဲ့အာရုံမှာ ဖြစ်ပေါ်ရွလမ်းနေတဲ့ လိုအပ်
ျက်ကို ယုံကြည်မှုက ပြည့်ပြည့်ဝဝ ဖြည့်ဆည်း ပေးနိုင်တယ်။

ဥပဒေသအနေနဲ့ ယုံကြည်မှုနဲ့ ပက်သက်တဲ့ ဖြစ်ရပ်မှန်တွေကို
ာ်ပြတဲ့အခါမှာ လျှပ်စစ်မီးသီး စတင်တီထွင်ခဲ့တဲ့ သောမတ်အယ် ဒီဆင်၊
ိုင်ယာကြိုးမပါဘဲ အသံလွှင့်းပို့ဆောင်မှုကို တီထွင်ခဲ့တဲ့ မာကိုနီ … စတဲ့
ူတွေကို စံထားလေ့ရှိပါတယ်။ တကယ်တော့ အဲဒီလူတွေကို ယုံကြည်မှု
ျက်စီးအောင်၊ တီထွင်မှုတွေ မအောင်မြင်အောင်၊ အနှောင့်အယှက် ဆန့်ကျင်
ူတွေက ဟန့်တားကြတယ်။ ဒါပေမယ့်အဲဒီ အဖျက်သဘောထားတွေကို
ယုံကြည်မှုနဲ့ ကျော်လွှားနိုင်ခဲ့လို့လည်း အောင်မြင်မှု သရဖူကို ဆောင်းနိုင်ခဲ့ကြပါ
တယ်။ ဒါဟာ လူတွေရဲ့ ပြင်းပြတဲ့ ဆန္ဒတွေကို ယုံကြည်မှုက ဖြည့်ဆည်းပေး
ိုက် နိုင်တယ်ဆိုတာ အခိုင်အမာ သက်သေပြသခြင်း ဖြစ်ပါတယ်။

ဒါဆို သင် ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်နေပါပြီ။
ဒါကြောင့် ယုံကြည်မှုစွမ်းအင် ဖော်ထုတ်ရယူနိုင်မယ့် နည်းလမ်းတွေကို
ဆက်လက်ဖော်ပြပါတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချက်ကို ရှင်းလင်းလွယ်ကူသွားအောင် ဖော်ပြရမယ် ဆိုရ ဆုံးရှုံးနေသူဟာ နိုင်စိတ်ရှိသူနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ အနိုင်စိတ်ဓာတ်က သွားခြင်းဖြစ်ပါတယ်။ အရှုံးစိတ်နဲ့ အနိုင်စိတ် နှစ်ခုပေါင်းလိုက်ကြတဲ့အခါ ပိုပြီးစွမ်းအားရှိတဲ့ အနိုင်စိတ်ဘက်ကို ဆွဲဆောင်သွားတာဖြစ်ပါတယ်။

အဲဒီ ဆွဲဆောင်မှုသဘောတရားကို ကိုယ်တွေ့ခံစားသိရှိခဲ့ကြ တဲ့ တွေက ဟုတ်မှန်ကြောင်း ဖော်ထုတ်ပြောဆိုခဲ့ကြပါတယ်။ သူတို့အနေ သိစိတ်နဲ့ဖြစ်စေ၊ မသိစိတ်နဲ့ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့အတွက် အောင်မြ ခဲ့တယ်လို့ မှတ်မှတ်ရရ ပြောပြပါတယ်။

မသိစိတ်ဆိုတဲ့ အသုံးအနှုန်းကို သုံးစွဲလိုက်ရတဲ့အကြောင်းကတော အဲဒီ စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့ စွမ်းအင်ဆိုတာက အာရုံခံစားမှုငါးမျိုး ခံစားနိုင်တာမျိုး မဟုတ်လို့ပါပဲ။ လူတွေဟာ ကိုယ်တိုင်မြင်တွေ့သိရှိ အကြောင်းအရာမျိုးမဟုတ်ရင် သိပ်ပြီးလက်မခံတတ်ကြပါဘူး။ ဒါပေမဲ့ အဲဒီစွမ်းအင်တွေဟာ ကမ္ဘာပေါ်မှာ အနှံ့အပြားဖြစ်တည်နေကြပါတယ်။ ဒါ ဟာ စိတ်ပိုင်းဆိုင်ရာ အခြေခံတွေဖြစ်နေတဲ့အတွက် ဆုပ်ကိုင်ပြသလို့ မရနိုင် ဘူး။ ဒါကြောင့် မသိစိတ်နဲ့ပတ်သက်နေတယ်လို့ ဖော်ပြလိုက်ရတာပါ။

စိတ်ဓာတ်ကြောင့် ဖြစ်ပေါ်လေ့ရှိတဲ့စွမ်းအင်နဲ့ပတ်သက်လို့ လက်ခံ လောက်တဲ့ အခြေခံသဘောတရားကို ဖော်ပြရမယ်ဆိုရင် ကမ္ဘာကြီးရဲ့စွမ်းအ အားကို နှိုင်းယှဉ်ပြရမှာဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ စကြဝဠာထဲမှာရှိတ ဂြိုဟ်တွေဟာ တစ်ခုနဲ့တစ်ခု ဆွဲငင်သွားလာနေကြတယ်။ အဲဒီဆွဲငင်မှုဟ ပရမ်းပတာမဟုတ်ကြပါဘူး။ စနစ်တကျဖြစ်ပေါ်လို့သာ ပုံမှန်အတိုင်း လည် လည်သွားလာနေတာပါ။

အဲဒီသဘောတရားကို နှိုင်းယှဉ်ကြည့်ရင် လူသားတစ်ယောက် တစ်ယောက် ပတ်သက်ဆက်နွယ်နေကြတာတွေဟာလည်း စနစ်တကျဖြစ်ပေ လေ့ရှိတဲ့စွမ်းအင်ကို သဘောပေါက်ပါလိမ့်မယ်။



ဒါကြောင့် လူတစ်ယောက်အနေနဲ့ ဘဝမှာ ကိုယ်ဖြစ်စေချင် သလို တည်နိုင်တဲ့ အခွင့်အလမ်းရှိနေပါတယ်။ စနစ်တကျဖြစ်လေ့ ရှိတဲ့စွမ်းအင်ကို ရဲ့အသိဉာဏ်နဲ့ ဆက်စပ်ပြီး သဘောကျသလို လူနေမှုအဆင့်ကို ဖန်တီးလို့ရ တယ်။

လိုရင်းကိုပြောရရင် ဖြစ်သလိုနေတတ်တဲ့ လူတွေအတွက်ရော၊ ချင်တဲ့အတိုင်း ဖန်တီးသူတွေအတွက်ရော စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့ အင်ဟာ သူတို့ပတ်ဝန်းကျင်မှာ ရှိနေပါတယ်။ ဒါကြောင့် လူတစ်ယောက် ာ ချမ်းသာကြွယ်ဝမှု အလုံးစုံကို ပိုင်ဆိုင်ချင်တဲ့ ဆန္ဒဖြစ်ပေါ်လိုက်တာနဲ့ ပြိုင်နက် စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့ စွမ်းအင်ဟာ အဲဒီလူဆီကို ချဉ်းကပ် ပါတယ်။ အဲဒီစွမ်းအင်ဟာ ခိုင်မြဲတဲ့အလေ့အကျင့်ဖြစ်သွားအောင် တာဝန် သွားမှာ သေချာပါတယ်။ ဒါ့ထက်ပိုပြီး အကောင်အထည်ဖော်နိုင်မယ့် ဆင့်ကို ရောက်တဲ့အထိ ဆက်လက်ဖြစ်တည်နေမှာ အမှန်ပါ။

စနစ်တကျဖြစ်လေ့ရှိတဲ့စွမ်းအင်ကို သဘောပေါက်ထားတဲ့ တစ်ယောက်မှာ ကြားခံစားမှုတွေဖြစ်တဲ့ စိတ်ဓာတ်ကျစရာ အကြောင်းအရာ တွေကို အလွယ်တကူ ကျော်ဖြတ်နိုင်မှာဖြစ်ပါတယ်။ အဲဒီစွမ်းအင်ကပဲ သူ့ကို အောင်မြင်မှုဖြစ်နိုင်တဲ့ အလေ့အကျင့်ဆီ တွန်းပို့ပါလိမ့်မယ်။ ကိုယ့်ရည်မှန်းချက် အောင်မြင်မှုကို ပဓာနထားပြီး လှုပ်ရှားဆောင်ရွက်နေသူအတွက် စိတ်ဓာတ်ကျ စရာဖြစ်ရပ်တွေကို အလေးအနက်မထားဘဲ သူလိုချင်တဲ့ပန်းတိုင်ကို ရောက် သွားမှာပါ။

ဒုက္ခဆင်းရဲဝေဒနာဖြစ်စိတ်ကို အကျယ်ချဲ့ပြီး တွေးတော ပူပန်သူဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အဲဒီဝေဒနာ၊ ဒုက္ခတွေ မလွဲမသွေဖြစ်လာပါလိမ့်မယ်။ ဒါပေမယ့် အဲဒီလို ဖြစ်နေသူတွေကို စနစ် တကျဖြစ်ပေါ်လေ့ရှိတဲ့ စိတ်စွမ်းအင်က အပြောင်းအလဲဆောင်ရွက် ပေးနိုင်စွမ်းရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



သင်အပါအဝင် အဲဒီ အဖွဲ့တစ်ခုလုံးအတွက် ဦးတည်ချ မှန်မှန်ကန်ကန်နဲ့ ရည်မှန်းချက် အောင်မြင်နိုင်မယ့် အစီအစဉ်ကို သင် ဦးဆောင်ပြီး စုပေါင်းပါဝင် အားလုံးအကြံပြုရေးဆွဲနိုင်ပါတယ်။ အဲဒီလို ရေးဆွဲရာမှာ လိုအပ်ချက်တစ်ခုခု ဖြစ်ခဲ့ရင်လည်း ဦးတည်ချ သွေဖည်မသွားစေဘဲ ဖြည့်စွက်ပြင်ဆင်နိုင်ပါတယ်။

ဥပမာ တစ်ခုတင်ပြရရင် အိမ်တစ်အိမ်ထဲမှာ မိန်းမသား တစ်ယော နဲ့ လူမမယ်ကလေးတစ်ဦး ရှိနေတယ်။ အဲဒီအချိန်မှာ ပြစ်မှုကြီး ကျူးလွန်ခဲ့ ရာဇဝတ်သားတစ်ကောင်က အဲဒီအိမ်ထဲမှာရောက်နေပြီး မိန်းမသားနဲ့ ကလေ ငယ်ကို အချိန်မရွေး အန္တရာယ်ပေးနိုင်တဲ့ အနေအထားမှာ ဖြစ်နေပါတယ်

ပြစ်မှုကျူးလွန်သူရောက်နေတဲ့ အိမ်ဟာကုန်းမြင့်ကလေး တစ် အပေါ်မှာ တည်ဆောက်ထားတဲ့အတွက် အိမ်ရဲ့ပတ်ပတ်လည် တစ်ခုလုံ မြင်ကွင်းရှင်းနေတယ်။ ဒါကြောင့်အိမ်ထဲမှာ ရောက်ရှိနေတဲ့ လူဆိုးက အသ စီးရနေပါတယ်။ သူ့မှာလည်း ကျည်အပြည့်နဲ့ အော်တိုမစ်တစ် သေန တစ်လက် ရှိနေတယ်။ သင်ဟာ အက်ဖ်ဘီအိုင်စုံထောက်ဌာနရဲ့ စေလွှတ်ချ အရ အိမ်ထဲမှာတန်ဆာခံဖြစ်နေတဲ့အမျိုးသမီးနဲ့ကလေးငယ်ကို လုံးဝ အန္တရာ မဖြစ်စေဘဲ၊ အဲဒီလူဆိုးကို မိမိရရ ဖမ်းနိုင်ဖို့ ဌာနဆိုင်ရာအကြီးအကဲ ညွှန်ကြားလိုက်တယ်။ အဲဒါဟာ ရည်မှန်းချက် ဒါမဟုတ်ဦးတည်ချက် အ အကျပါပဲ။

သင်နဲ့အတူထည့်ပေးလိုက်တဲ့ ကွန်မန်ဒိုတပ်ဖွဲ့ဝင်တွေဟာ လူဆိုးရဲ သေနတ်ကျည်ဆန် မထိရောက်နိုင်တဲ့ အကွာအဝေးကနေ တဖြည်းဖြည်းချ အိမ်ရှိနေတဲ့ တောင်ကုန်းပတ်လည်မှာနေရာယူဖို့ ချဉ်းကပ်လာကြပြီ။ သ အစီအစဉ်က ဘာလဲ၊ အိမ်ပြတင်းပေါက်ထဲကို ဓာတ်ငွေ့ကျည် ပစ်ထည့်လိုက် ဖို့နဲ့၊ ဓာတ်ငွေ့တွေ အိမ်ထဲမှာပျံ့နှံ့ အသွားမှာ ကွန်မန်ဒိုတွေက အတင်းဝ ရောက်စီးနင်းပြီး လူဆိုးကို အမိအရဖမ်းဖို့ စီစဉ်ထားတယ်ဆိုပါတော့။ ဒါပေမယ့်

( )



စီအစဉ်ကို ပြန်လည်ပြင်ဆင်ရေးဆွဲရတော့မယ်။ ဘာကြောင့်လည်း င်တော့ ဓာတ်ငွေ့ကျည်ကထွက်တဲ့ ဓာတ်ငွေ့အဆိပ်အနိုးအငွေ့ဟာ တ်နှစ်နှစ်တောင် မပြည့်သေးတဲ့ ကလေးငယ်အတွက် အသက်အန္တရာယ် နိုင်တယ်။ ဒါဆိုရင် သားအမိနှစ်ယောက်စလုံးအတွက် လုံးဝ အန္တရာယ် စေဘဲ လူဆိုးကို မိမိရရ ဖမ်းဆီးနိုင်ဖို့ဆိုတဲ့ ဦးတည် ချက်ပျောက်သွား မယ်။

ဒါကြောင့် အဲဒီ ပဓာနကျတဲ့ ဦးတည်ချက် မပျောက်ပျက်အောင် အစီအစဉ်တစ်ခု ထပ်မံဖြည့်စွက် ပြင်ဆင်ရမှာဖြစ်ပါတယ်။ လူဆိုးကြား တ်အောင် Transhailerနဲ့ အော်ပြောပြီး အပေးအယူတစ်ခု လုပ်ရတော့ ။ သားအမိကို အိမ်ထဲမှာပဲ ထားခဲ့ ပြီး ထွက်လာရင် လူဆိုးလွတ်လွတ် ကျွတ် ထွက်ပြေးလွတ်မြောက်နိုင်ဖို့အတွက် ကားတစ်စီး၊(လိုအပ်ရင် ပါအဝင်) အသင့်စီစဉ်ပေးမယ်။ ပြေးလမ်းကိုလည်း ဖွင့်ထားပေးမယ်လို့ ယ် ဆင်ရလိမ့်မယ်။ နောက်တော့မှ ရဟတ်ယာဉ်နဲ့ လူဆိုးနောက်ကို ရမယ်။

အဲဒီ အပေးအယူကိုမှ လက်မခံရင် သင်တို့ကရေရှည်အစီအစဉ် ဆိုးထွက်မလာမချင်း လုံခြုံစိတ်ချရတဲ့ တစ်နေရာက စိတ်ရှည်ရှည် စောင့် နေမယ်ဆိုတဲ့ အစီအစဉ်၊ ဒါမှမဟုတ် ဒ့ါထက်ပို ကောင်းမယ့် အစီအစဉ် ခုကို ပြောင်းလဲရေးဆွဲကြတဲ့ သဘောမျိုးဖြစ်ပါတယ်။ ဒါက မှုခင်းဆိုင်ရာ ရပ်တစ်ခုပါ။

ချမ်းသာကြွယ်ဝမှု ဆောင်ရွက်တဲ့အခါမျိုးမှာ (မှုခင်းဖြစ်ရပ်ထဲက ဆိုးက မောင်းပြန်သေနတ်တစ်လက်နဲ့ ရင်ဆိုင်သလို) သင့်ပတ်ဝန်းကျင် အော်ကိုင်ဖက်တွေထဲမှာ သင့်ကို အပြစ်တင်ဆန့်ကျင်တဲ့ လူတွေလည်း ပေါက်နိုင်ပါတယ်။ အဲဒီလို လူစားတွေကို လုံးဝမဆက်ဆံပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို သင့်အနေနဲ့ လုံးဝအမှုမထားဘဲ မိမိသွားရမယ့်ဦးတည် ချ
လမ်းကြောင်းအတိုင်း မျက်ခြည်မပြတ်အောင် ဆက်လျှောက်ဖို့ အရေးကြီး
တယ်။ တကယ်လို့ သင့်စိတ်ဓာတ် ပျက်ပြားသွားရင်တော့ ဆုံးရှုံးမှုကလွဲ
ဘယ်လိုမှအဖတ်ဆယ်လို့ ရမှာမဟုတ်တော့ဘူး။ ဒါကြောင့် သင့်ဦးတည်ချက်
မှန်မှန်ကန်ကန်ဆက်သွားဖို့ အရေးကြီးပါတယ်။

နောက်တစ်ချက်က သင့်အနေနဲ့ တစ်ချိန်တစ်ခါက ဆုံးရှုံး
မှားယွင်းမှုကို တစ်ခုမဟုတ်တစ်ခု တွေ့ကြုံခဲ့ဖူးပါလိမ့်မယ်။ အဲဒီ ဆုံးရှုံး
မှားယွင်းမှုတွေကို လုံးဝပယ်ဖျောက်လိုက်ပါ။ အဲဒါတွေကို တသသဖြစ်နေသ
ဘာအကျိုးမှ ဖြစ်လာမှာမဟုတ်ပါဘူး။

ဒါကြောင့် ကြွယ်ဝချမ်းသာမှုအပေါင်းကို ရရှိအောင်ကြိုးစားနေ
အချိန်ကာလမှာ လွန်ခဲ့တဲ့အမှားတွေကို လုံးဝဖယ်ထုတ်ထားရမှာ ဖြစ်ပါတယ်
မဖြစ်ပေါ်သေးတဲ့ မျှော်မှန်းချက်ကို ရရှိတော့မယ်ဆိုတဲ့ မျှော်လင့်ချက်
လူသားတွေ ဆက်လက်ရှင်သန်နေကြတာပါ။ စနစ်တကျဖြစ်လေ့ရှိတဲ့ စွမ်းအ
ဟာ အကျိုးပြုအတွက်ကို ရဲတိုက်ကြီးပမာထားပြီး တည်ဆောက်ဖို့ဆိုရင် ဘက်
ပေါင်းစပ်ပြီးတော့ တည်တံ့ခိုင်မာအောင် ဆောင်ရွက်ပေးနိုင်ပါတယ်။

ဟင်နရီဖို့ဒ်ဟာ သူ့လုပ်ငန်းထဲမှာ ရှိရှိသမျှလုပ်သားတွေရဲ့ ဖြစ်ရပ်
အကျင့် စရိုက်တွေ အားလုံးကို ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ထားပါတယ်
တကယ်လို့ လုပ်ငန်းဆိုင်ရာကိစ္စတွေမှာ အပြုသဘောမဆောင်ဘဲ အပျ
သဘောမျိုးဖန်တီးတဲ့ လုပ်သားတွေကို ပြတ်ပြတ်သားသား ဖယ်ရှားပေး
ရှိပါတယ်။

အသိဉာဏ်ပေါင်းစပ်မှုအတွက် ပတ်သက်ဆက်နွယ်နေသူ
မှုသမျှကို ပြေပြေလည်လည် ဖန်တီးဆက်ဆံနိုင်သူကတော့ အင်ဒရူးကာ
ဂျီပဲ ဖြစ်ပါတယ်။ သူ့လုပ်ငန်းထဲမှာရှိကြတဲ့ လုပ်သားတွေ၊ တစ်နည်းအား



ကိုယ်တိုင်ဖက်တွေ အားလုံးကို သူ့အပေါ်မှာ ယုံကြည်ကိုးစားမှု၊ လေးစားချစ်
မှုတွေ ဖြစ်ပေါ်နေအောင် ဆောင်ရွက်နိုင်စွမ်းရှိသူတစ်ယောက်ပါ။

ဒါကြောင့်လည်း အင်ဒရူးကာနေဂျီ ဦးစီးဆောင်ရွက်တဲ့အချိန်
ကာလအတောအတွင်း သူနဲ့ပတ်သက်သမျှ သံမဏိလုပ်ငန်းတွေမှာ လုပ်သား
သပိတ်မှာဆိုတာ လုံးဝမဖြစ်ပေါ်ခဲ့ဖူးပါဘူး။ အဲဒီ အချက်ကို အင်ဒရူးကာနေဂျီက
ကိုယ်တိုင်ပြောကြားခဲ့ပါတယ်။

သူကိုယ်တိုင်ကလည်း စက်ရုံလုပ်သား ဖြစ်ခဲ့ဖူးတဲ့အတွက် စက်ရုံ
လုပ်သားတွေရဲ့ စိတ်နေသဘောထားကို စာနာစိတ်နဲ့ သိနေလို့ပဲ ဖြစ်ပါတယ်။

□□□□□

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ မြက်ခင်းပြင်တွေနေရာမှာ လှပမွေးပျံ့တဲ့ ပန်းခင်းက လေ စိုက်ထားရင် မကောင်းဘူးလား' လို့ အကြံပြုမေးခွန်း ထုတ်လိုက်တယ် သူဌေးကြီးက ဦးခေါင်းကို ညင်သာစွာ ခါပြတယ်။

'မတူဘူးဆရာမ…ပန်းစိုက်ထားရင် ပန်းရဲ့အရောင်အသွေ အသွင်သဏ္ဍာန်နဲ့ ချိုမွှေးတဲ့ ရနံ့တွေဟာ လူကို စိတ်ပျော်ရွှင်စေတယ်။ တစ် တရံ စိတ်ညစ်ညူးစေတယ်။ အဲဒါ ကျုပ်ကိုယ်တွေ့ပါ၊ ပင်ကိုစိတ် ပျော်ရွှင်နေရင် ပန်းခင်းက အဲဒီပျော်ရွှင်မှုကို ပိုပြီး ပျော်ရွှင်အောင် ဖန်တီ လေ့ရှိတယ်။ ဒါပေမယ့် ပင်ကိုယ်စိတ်က အကြောင်းတစ်ခုခုကြောင့် ညစ်ညူ နေရင် အဲဒီပန်းခင်းက တစ်ဆတိုးပြီး စိတ်ကို ညစ်ညူးစေတယ်။ တကယ် ဒေါသဖြစ်နေတဲ့ အခိုက်အတန့်မှာ အဲဒီပန်းခင်းကိုတွေ့လိုက်ရရင် ပန်းပင်တွေ အမြစ်ကနှုတ်ပြီး ချေမွပစ်ချင်စိတ်တောင် ဖြစ်စေတယ်။ မယုံမရှိနဲ့ အဲ အမှန်အကန်ပဲ'

'ဒါဆိုရင် သူဌေးကြီးရဲ့မြက်ခင်းက ဘယ်လိုများ စိတ်ကို လှုံ့ဆော် ပါသလဲ'

ဆောင်းပါးရှင် အမျိုးသမီးက ထပ်မေးတယ်။

'မြက်ခင်းက စိတ်ကို ဘယ်လို လှုံ့ဆော်မှုမှ မပေးပါဘူး'

'ဒါဖြင့် အကျိုးအမြတ်မရှိဘဲ သက်သက်မဲ့စိုက်ထားတာ ပေါ့နော် ဟုတ်လား သူဌေးကြီး'

အမျိုးသမီးရဲ့ မေးခွန်းကြောင့် သူဌေးကြီးက ပြုံးပြီးဖြေတယ်။

'မြက်ခင်းတွေဟာ စိတ်ကို လှုံ့ဆော်မှု မပေးဘူးလို့သာ ကျုပ်ပြောခဲ့ တယ်၊ အကျိုးသက်ရောက်မှု မရှိဘူးလို့ မပြောခဲ့ပါဘူး'

သူဌေးကြီးရဲ့စကားကြောင့် အမျိုးသမီး တွေခနဲဖြစ်သွားတယ်။

'ဒါဖြင့်'



အမျိုးသမီးရဲ့ စကားမဆုံးခင် သူဌေးကြီးက လက်ဝါးကာပြီး တားလိုက်တယ်။

'ကျုပ်ပြောတာ မဆုံးသေးပါဘူး ဆရာမ…ကျုပ်စကားဆုံးမှ မေးစရာရှိရင် မေးနိုင်ပါတယ်'လို့ပြောတော့ ပင်တိုင်ဆောင်းပါးရှင် မျိုးသမီးက သူဌေးကြီးပြောမယ့်စကားကို အာရုံစိုက်ပြီး နားထောင်လိုက် တယ်။ သူဌေးကြီးက ဆက်ပြောတယ်။

'ကျုပ်တို့ နေ့စဉ်နဲ့အမျှ ယောဒီ လူသွားလမ်းကလေးပေါ်က အသွား ပြန်သွားနေကြတယ်။ မြက်ခင်းကို ကျုပ်ကအာရုံစိုက်စရာ အကြောင်းမရှိ လို့ မြက်ခင်းကလည်း သူ့ဟာသူ စိမ်းမြနေတာပါပဲ။ လူနဲ့မြက်ခင်း အပြန် လှန် အနှောင့်အယှက်မပေးတမ်းနေခဲ့ကြတယ်. ဒါပေမယ့် မြက်ခင်းနှစ်ခင်းရဲ့ ယက လူသွားလမ်းကလေးအတိုင်း ဖြတ်လျှောက်သွားစဉ်မှာ ဘေးတစ် တစ်ချက်မှာ ရှိနေတဲ့ မြက်ခင်းရဲ့ စိမ်းမြတဲ့အရောင်ဟာ အစဉ်သဖြင့် လုံးထဲကို နူးညံ့တဲ့အရောင် ကလေးတစ်ခု မသိမသာ ထင်ဟပ်သွားလေ့ တယ်။ အဲဒီလိုမျိုး စိမ်းမြတဲ့အရောင်ထင်ဟပ်တာက အထင်ဟပ်ခံရတဲ့ ကို မသိစေရလောက်အောင် ညင်သာတယ်။ ဒါပေမယ့် အဲဒီ စိမ်းမြနေတဲ့ ရောင်ကလေးကြောင့် ကျုပ်ရဲ့စိတ်တဝင်မှာ စွန်းထင်းပေကျံနေတဲ့ အရာတွေ လုံးကို ဆေးကြောပစ်လိုက်သလို ကြည်လင်သန့်စင်သွားပါတယ်။ အဲဒါက ြက်ခင်းရဲ့ အကျိုးသက်ရောက်မှုပါပဲ။ ဒါကို ကျုပ် နေ့စဉ်နေ့တိုင်း မသိစိတ်က ခံစားရတာပါ'

ဖြစ်ရပ်ကတော့ ဒါပါပဲ။ ဒါကြောင့် ကြီးပွားတိုးတက် ချမ်းသာ ြွယ်ဝချင်စိတ်ရှိတဲ့ လူအနေနဲ့ သင့်ရုံးခန်းကိုခြယ်ထားတဲ့ ဆေးရောင်၊ တ်ဆွဲထားတဲ့ နံရံကပ်ပန်းချီ၊ ခင်းကျင်းထားတဲ့ မွမ်းမံမှုတွေဟာလည်း ချမ်းသာ ြွယ်ဝမှုအပေါင်းကို ရရှိပိုင်ဆိုင်နေတဲ့ ပုဂ္ဂိုလ်တွေရဲ့ပုံနဲ့ ဒါမှမဟုတ် သင့်လုပ်ငန်း ဆိုင်ရာမှာ တိုးတက်ဖွံ့ဖြိုးစိတ်ဖြစ်ပေါ်စေမယ့် အကြောင်းတရားတွေပါဝင် တ်သက်နေတဲ့ အဆင်အပြင်တွေပဲ ဖြစ်သင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲလိုမျိုး ပြင်ဆင်မှုမ်းမံထားတဲ့ရုံးခန်းထဲမှာ သင်ရောက်ရှိ နေချိန်အတောအတွင်း စနစ်တကျ ဖြစ်ပေါ်လေ့ရှိတဲ့ စိတ်စွမ်းအင်ဟာ သင့်ဆီကို ချဉ်းကပ်နေတော့မှာ ဖြစ်ပါတယ်။ မသိစိတ်ရဲ့ သယ်ဆောင်မှုအဖြစ် သင့်စိတ်ဘဝင်မှာ တွယ်ငြိလိုက်ပါနေပါလိမ့်မယ်။ ဒါဆိုရင် သင်ဟာ အဲဒီ စိတ်စွမ်းအင်နဲ့အတူ ချမ်းသာကြွယ်ဝမှုအပေါင်းရရှိရေးအတွက် တွန်းအားတစ်ခုကို ရရှိနိုင်ပါပြီ။ အဲဒါဟာ သင့်ရဲ့ အကျိုးပြုအတွေ့အတွက် အမှန်းတင်ခြင်း ဖြစ်နေပါတယ်။

ပညာရှင်တစ်ဦးက မိန့်ကြားဖူးပါတယ်။

'အကြင်သူသည် ထိုအလုပ်ကို လုပ်သည့်အခါတိုင်း အောင်မြင်မှုကို ရရှိနေပါတယ်။ ထိုအလုပ်ကို မလုပ်သည့်အခါတိုင်း ဆုံးရှုံးမှုနှင့်သာ ရင်ဆိုင်ရတတ်ပါတယ်။ သို့စဉ်လျက် ထိုအလုပ်ကို လုပ်ရန် မေ့လျော့နေလေ့ ရှိတယ်။ ထိုအလုပ်ကား မိမိကိုယ်မိမိ အမှန်အတိုင်း (အရှိကိုအရှိအတိုင်း)ဖေဖန်ရေးဖြစ်ပါတယ်။ မိမိကိုယ်မိမိဖေဖန်ရေး မလုပ်သောကာလတွင် အကျိုးစီးပွားပျက်စီးစေနိုင်သော အတွေ့ကဝင်ရောက်စိုးမိုး ချယ်လှယ်ထားပါတယ်'…တဲ့။

ဒါကြောင့် အတွေ့ဟာ နိုင်နိုင်နင်းနင်း မထိန်းချုပ်နိုင်ရင် ဒုက္ခပေးတတ်ပါတယ်။ 'ငါ သိပ်တော်တာပဲ၊ ငါလုပ်တာ ဟုတ်နေပြီ၊ ငါ့ကို ဘယ်သူမှ မယှဉ်နိုင်ဘူးပေါ့…'ဆိုတဲ့ အတွေ့ဝါဒီတွေဟာ သူ့ကိုသူ အမှန်းတင်ရင်းက၊ သူ့ထက် သာသူတွေကိုပါ 'ငါ့ထက်သာ တာ မရှိစေရ'ဆိုတဲ့ စိတ်ဓာတ်ဆိုးဆိုးဝါးဝါးတွေ ဝင်လာတတ် ပါတယ်။ အဲဒီလို ဖြစ်ရပ်မျိုးဟာ နာဇီအာဏာရှင် ဟစ်တလာကို ဆိုးဝါးတဲ့ နိဂုံးချုပ်နဲ့ ဇာတ်သိမ်းစေခဲ့ပါတယ်။

ဟစ်တလာရဲ့ တပ်တွေဟာ ဒုတိယကမ္ဘာစစ် အစပိုင်းက နိုင်ငံတစ်ခုပြီးတစ်ခု၊ နယ်မြေတစ်ခုပြီးတစ်ခု ဆက်တိုက်သိမ်းပိုက်နိုင်ခဲ့ပါတယ်။ အဲဒီလို တိုက်ခိုက်တိုင်း အောင်နိုင်လာတဲ့အခါမှာ ဟစ်တလာအနေနဲ့ သူ့စီမံခန့်ခွဲမှုကြောင့်ဆိုတဲ့ အတွေ့ဝင်လာတယ်။ တကယ်တော့ နာဇီတပ်တွေနဲ့အတူ ဦးဆောင်ပါဝင် တိုက်ခိုက်နေကြတာက ရွှမ်းမဲလ်တို့လို ဗိုလ်ချုပ်ကြီးတွေပါ။



…မဲလ်ရဲ့ စစ်ဗျူဟာကြောင့် အနိုင်ရလာတာကို ဟစ်တလာက မလိုမုန်းထား…တ်ဝင်လာတယ်။ သူ့ထက် ပိုပြီး ရွှမ်းမဲလ်က အောင်မြင်ကျော်ကြားနေတဲ့…တွက် ဟစ်တလာက ရွှမ်းမဲလ်ကို(လက်ရှိ အောင်ပွဲတွေရနေတဲ့ စစ်မျက်နှာ…နေ) တခြား စစ်မျက်နှာကို ပို့လိုက်တယ်။ မကျွမ်းကျင်တဲ့ နယ်မြေဒေသကို …ရောက်သွားတဲ့ ရွှမ်းမဲလ်ဟာ အရေးနိမ့်သွားရတော့တာပါပဲ။ ဒါကို ဟစ်တလာ…ာ သဘောကျသွားတယ်။ 'မင်းအခု ဘာတတ် နိုင်သေးသလဲ ရွှမ်းမဲလ်ရယ်' …ို ကြိတ်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်သွားတယ်။ တကယ်တော့ ရွှမ်းမဲလ်အရေး…တာဟာ နာဇီတပ်တွေ အရေးနိမ့်သွားခြင်း ဖြစ်ပါတယ်။ နာဇီတပ်တွေ…နိမ့်အရေးနိမ့်ရတာဟာ ဟစ်တလာရဲ့ ကျဆုံးခန်းပဲပါပဲ။ ဒါကြောင့် အတွေ့ကြီး…လွန်းတဲ့ ဟစ်တလာကို တစ်ကိုယ်ကောင်းဆန်တဲ့ အတွေ့က နောက်ဆုံး …တိုသူ့စီရင်သွားရလောက်အောင် ဖျက်ဆီးလိုက်တော့တာပါပဲ။

ဒါကြောင့် 'ငါလုပ်တာ မှန်မှမှန်ပါ့မလား၊ ဘယ်နေရာမှာ အမှားချော်…ပါလိမ့်' ဆိုတဲ့ ပြန်လှန်သုံးသပ် ဝေဖန်ချက်မှာတောင်မှ 'ငါလုပ်တာ'ဆိုတဲ့ …ပါလာတတ်ပါတယ်။ 'ငါ'ဆိုတဲ့ စကားလုံးကြောင့် ဝေဖန်ရာမှာ တစ်ဖွတ်…ိုးစိတ်နဲ့ မှန်တယ်လို့ မိမိလိုရာ ဆွဲ တွေးတဲ့ အခြေအနေမျိုး ဖြစ်လေ့ဖြစ်ထရှိ…ါတယ်။ ဒါပေမယ့် မှန်တန်တဲ့ ဝေဖန်သုံးသပ်ချက် ဖြစ်အောင် အရှိကိုအရှိအတိုင်း …မြင်ကြည် လင်စေရမှာ ဖြစ်ပါတယ်။ တိကျတဲ့ ရည်မှန်းချက်၊ ဖွဲ့လုံ့လနဲ့ …တို သူ ယုံကြည်မှုအတွေ့ကို ထိန်းချုပ်နိုင်မှုတွေဟာ ဟင်နရီဖို့ဒ်ရဲ့ အရည်…င်းတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ သူဟာ ခြေသလုံးအိမ်တိုင် အခြေအနေမဲ့ …စ်ကနေမော်တော်ကားထုတ်လုပ်ရေး လုပ်ငန်းရှင်၊ နောက်တော့ ချမ်းသာ …ယ်ဝမှု အပေါင်းကို ပိုင်ဆိုင်သူတစ်ယောက် ဖြစ်လာခဲ့တာပါ။

သူ့ရဲ့အတွေ့ဟာ တခြား မက်စ်ဖက်တာတို့၊ ရက်ဗလွန်စတဲ့ အလား…၊ …အကြောင်း၊ လူသုံးပစ္စည်း ထုတ်လုပ်တဲ့ လုပ်ငန်းရှင်နဲ့ သဘောသဘာဝချင်း …ညီနိုင်ပါဘူး။ ဒါကြောင့် ဖို့ဒ်ရဲ့ ရုံးခန်းမှာ ဘယ်လို အလှအပ မွမ်းမံပြင်ဆင်မှု

www.burmeseclassic.com

www.burmeseclassic.com



မျိုးကိုမှ မတွေ့ရပါ။ တကယ်တော့ ဖို့ဒ်ဟာ အကြီးအကျယ် အောင်မြင်ဖြ
ထွန်းနေတဲ့ စက်မှုလုပ်ငန်းရှင် ဖြစ်ပါတယ်။ အဲဒီအချိန်အခါကို ဘယ်လိုပြင်ဆ
မှမ်းမံမှုနဲ့မှ ခမ်းနားလေအောင် ဖန်တီးစရာမလိုတော့ပါဘူး။ သူ့ရဲ့ ပင်ကိုအရည
အသွေးဟာ သူနဲ့တစ်ထပ်တည်း တစ်သားတည်းရှိနေတဲ့အတွက် သူ့
တွေ့ဖို့ (အကြောင်းအမျိုးမျိုးကြောင့်) ရောက်လာသူတွေဟာ ဖို့ဒ်ကို မြင်လိုက်တ
နဲ့ တစ်ပြိုင်နက် ငြိမ်းပြည့်နေတဲ့ အရာတစ်ခုကိုတွေ့လိုက်ရသလို အလိုလိုနေရ
သူ့ဩဇာသက်ရောက်မှုကို ခံကြရပါတယ်။

ဒါကြောင့် ဖို့ဒ်ကို သူ့အတ္တထိန်းသိမ်းနိုင်တဲ့ စွမ်းအားကြောင့် ကျေ
နေသူတစ်ဦးလို့ သတ်မှတ်နိုင်ပါတယ်။ သူဟာ စက်မှုပညာမှာ ကျွမ်းကျင်
ဖြစ်တယ်။ နိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် သူ့စက်မှုလုပ်ငန်း
အကျိုးပြုနိုင်ခဲ့တယ်။ ဒါတင်မကသေးဘူး၊ အဲဒီသယ်ယူပို့ဆောင်ရေးလုပ်ငန်
အလုပ်လုပ်နေကြတဲ့ လုပ်သားတွေ၊ ဝန်ထမ်းတွေအတွက်ကိုလည်း (တစ်နည
မဟုတ်၊ တစ်နည်းနဲ့) အလုပ်ပေးထားရာ ရောက်နေပါတယ်။ အဲဒီလုပ်သား
ဝန်ထမ်းတွေဟာ ဖို့ဒ်နဲ့တိုက်ရိုက်(ဒါမှမဟုတ်) သွယ်ဝိုက်ပြီးပတ်သက် နေ
သူတွေပါ။ ဒါကြောင့် အဲဒီလူတွေ သန်းပေါင်းများစွာကို အလုပ်ပေးနိုင်ခဲ့
အတွက် ဖို့ဒ်ဟာ သူ့ကိုသူကျေနပ်နေခြင်းဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဖြစ်
တစ်ခုပါ။

ဒါကြောင့် ကောင်းမွန်တဲ့ အကျိုးပြု အတ္တစိတ်ပါပဲ။ ငါ့ကြော
သူတို့အစာစားနေရတာ။ ငါ့ကြောင့် သူတို့ အိုးနဲ့အိမ်နဲ့နေကြရတာ။ နိုင်င
ငါ့လို စက်မှုစီးပွားရေးလုပ်ငန်းရှင်ကြီးမပေါ်ထွန်းခဲ့ရင် သူတို့အားလုံး ခြေသ
အိမ်တိုင်ဘဝနဲ့ ငတ်တစ်လှည့်ပြတ်တစ်လှည့် နေရလိမ့်မယ်ဆိုတဲ့ အတွေ
အတွေးမျိုး တစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးတာ သေချာပါတယ်။

ဒါကြောင့် ဖို့ဒ်ဟာ သူ့အတ္တကို ထိန်းသိမ်းနိုင်ခဲ့လို့ သူ့လုပ်င
အကြီးအကျယ် အောင်မြင်ခဲ့ရုံသာမက အဲဒီအတ္တကြောင့် ကျိန်တဲ့ ဝန်ထမ်း

ပ်သားတွေအတွက်ပါ အကျိုးဖြစ်ထွန်းခဲ့ပါ တယ်။ အဲဒီအကြောင်းနဲ့ပတ်
သိပြီး လုပ်ဖော်ကိုင်ဖက် လုပ်ငန်းရှင်ကြီးတွေ၊ စီးပွားဆိုင်ရာ စာနယ်ဇင်း
တွေက သူ့ကိုအလေးအနက် ချီးကျူးဂုဏ်ပြုခဲ့ပါတယ်။ အဲလိုမျိုး ဂုဏ်ပြုတာ
ို ဖို့ဒ်က ကျေကျေနပ်နပ် ခံယူခဲ့ပါတယ်။ ဒါပေမယ့် တကယ်တော့သူ
ုပ်သမျှ အလုပ်တွေဟာ ဂုဏ်ပြုခံချင်လို့ လုပ်တာမဟုတ်ပါဘူး။

ကမ္ဘာကျော် စီးပွားရေးလုပ်ငန်းရှင်ကြီးတွေထဲမှာ အင်ဒရူး ကာနေဂျီ
ယ်ဝေါ့သ်စတဲ့ ပုဂ္ဂိုလ်တွေလည်းပါဝင်ပါတယ်။ ဒါပေမယ့် သူတို့ဟာ
ယောက်နဲ့တစ်ယောက်လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းချင်း မတူကြပါ
တစ်ယောက်နဲ့ တစ်ယောက် ကွဲပြားခြားနားနေပါတယ်။ ဒါပေမယ့်
တ္တကို ထိန်းသိမ်းနိုင်ခြင်း၊ အကျိုးပြုဖြစ်စေခြင်းတို့မှာ အတူတူပါပဲ၊ ဟင်နရီဖို့ဒ်
ါအဝင် တချို့စက်မှု လုပ်ငန်းရှင်ကြီးတွေဟာ သဘာဝဖြစ်လေ့ဖြစ်ထရှိတဲ့
ဉ်လာတွေကို သဘောပေါက်ကြသူများသာ ဖြစ်ပါတယ်။ နောက်ပြီး
သဘော ပေါက်မှုကို အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်တတ်ကြတယ်။

ဖို့ဒ်ဟာ အသိဉာဏ်ပေါင်းစပ်မှုနဲ့ အကျိုးသက်ရောက်မှုတွေ ကို
ရလည်းလည် သဘောပေါက်သူ တစ်ယောက်လည်းဖြစ်ပါ တယ်။

*ဒါကြောင့် သူဟာ ဟာဗေးဖိုင်းယားစတုံး အပါအဝင် တခြား
ွားရေးလုပ်ငန်းရှင် မိတ်ဆွေများနှင့်အတူ အေးချမ်းပြီး စိတ်အနှောင့်
ှတ်ကင်းတဲ့ နေရာဒေသတွေကို အခါအားလျော်စွာ စုပေါင်း
တွက်လေ့ရှိပါတယ်။*

အဲဒီလို ပုဂ္ဂိုလ်တွေနဲ့အတူ ပေါင်းသင်းဆက်ဆံ ဆွေးနွေးရတဲ့အတွက်
တို့ရဲ့ အကြံဉာဏ်တွေဟာ ဖို့ဒ်အတွက် သိသိသာသာ အကျိုးဖြစ်ထွန်းခဲ့ပါ
ယ်။ သူတို့ရဲ့ ပေါင်းသင်းဆက်ဆံရေးဟာလည်း ပိုမိုခိုင်မြဲလာပါတယ်။
ာ တစ်နည်းအားဖြင့် အတ္တကို လွှမ်းမိုးနိုင် ခြင်းရဲ့ ပြယုဂ်ပဲဖြစ်ပါတယ်။
တ္တကို မထိန်းသိမ်းနိုင်ခဲ့ရင် အဲဒီလို မိတ်ဆွေတွေနဲ့ အလိုက်သင့်ညည်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသင်းလို့ရမှာ မဟုတ်ပါဘူး၊ သာမန်အပေါင်းအသင်း အဆင့်မျှ
ဖြစ်နေမှာပါ။

အတ္တကို ထိန်းသိမ်းနိုင်ဖို့နဲ့ မိနစ်နဲ့အမျှ အတ္တကို မိမိလိုအ
ဆန္ဒအတိုင်း စေခိုင်းနိုင်သူတွေ အထဲမှာ ဟင်နရီဖို့ဒ်ဟာ ထိပ်ဆုံးက နေ
ယူထားသူဖြစ်တယ်လို့ နပိုလီယံဟေးလ်က ပီပီပြင်ပြင် တင်ပြ ရေးသာ
ပါတယ်။ ဒါဟာ အကြောင်းမဲ့သက်သက် ချီးမွမ်းခန်း ဖွင့်တာမျိုးမဟုတ်ပါဘူ
တကယ်တော့ နပိုလီယံဟေးလ်က ချမ်းသာ ကြွယ်ဝမှုအလုံးစုံ ပိုင်ဆိုင်စေ
နည်းလမ်းအတွက် ရေးသား ပြုစုဖို့ အင်ဒရူးကာနေဂျီက စေခိုင်းလိုက်ခြ
ခံရသူပါ။ အဲဒီ အချိန်ကစပြီး နပိုလီယံဟေးလ်အနေနဲ့ ချမ်းသာကြွယ်ဝစေ
နည်းလမ်းတွေကို ကမ္ဘာကျော်ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံပြီး အဲဒီ ပုဂ္ဂိုလ်တွေ
အတွေ့အကြုံ ချမ်းသာကြွယ်ဝစေတဲ့ နည်းလမ်းတွေကို စူးစမ်းမေးမြ
လေ့လာ ဆည်းပူးနာယူပြီး ရေးသားပြုစုခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့
ပြချက်ဟာ သင့်အတွက် အဲဒီလို ချမ်းသာကြွယ်ဝသူတွေရဲ့ နည်းလ
တွေဟာ သူတို့လိုပဲ ဆောင်ရွက်ရင် အကျိုးဖြစ်ထွန်းစေမှာ သေချာပါတယ်

နပိုလီယံဟေးလ်ရဲ့ ရေးသားဖော်ပြချက်အရ ဟင်နရီဖို့ဒ်ဆို
လူကြီးဟာ သူ့အတ္တကို ကမ္ဘာနဲ့အဝန်း အသုံးချခဲ့ပါတယ်။ အဲဒီ အသုံးချနိုင်
အတွက် သူကုမ္ပဏီက ထုတ်လုပ်တဲ့ကားတွေကို သိန်းနဲ့ ချီပြီး ကမ္ဘာနိုင်ငံအ
သီးကို တင်ပို့ရောင်းချဖို့ စီစဉ်ခဲ့ပါတယ်။

အဲဒီလို ထုတ်လုပ်ရောင်းချမယ့် အစီအစဉ်မှာ အမျိုးသား၊ အမျိုးသ
တွေ၊ လုပ်သားတွေ၊ ဝန်ထမ်းတွေထောင်နဲ့သောင်းနဲ့ချီပြီး လုပ်နိုင်မှ ဖြစ်မယ်ဆို
အချက်ကိုလည်း ထည့်သွင်းစဉ်းစားခဲ့ပါ တယ်။

အဲဒီ ကြီးကျယ်တဲ့ လုပ်ငန်းပမာဏအတွက် အရင်းအနှီး ငွေကြေ
ပမာဏဟာလည်း သိပ်ကို များပြားနေမှာ သေချာပါတယ်။ ဒါပေမယ့် ဖို့ဒ်
အစကတည်းက မှတ်စုချ မှတ်ထားပါတယ်။အဲဒါက စီးပွားရေးဆိုင်



ပါဒပါပဲ။ အဲဒီ မူဝါဒကတော့ သူ့လုပ်ငန်းထဲကို ပြင်ပကလူတွေ ပါဝင်
ဘ်သက်လို့ မရပါဘူး။

နောက်တော့ သူ့လုပ်သားတွေကို ထိုက်သင့်တဲ့ တန်ရာတန်ကြေး
တပ်ပြီး လုပ်အားခ တိုးမြှင့်ပေးလိုက်တယ်။ လုပ်ငန်းဝန်းကျင်ကိုလည်း
သာယာသန့်ရှင်းသပ်ရပ်နေအောင် ဖန်တီးပေးတယ်။ ဒါဟာ လုပ်ငန်းဆိုင်ရာမှာ
စိတ်ချမ်းသာစေနိုင်ပါတယ်။ ဒါကြောင့် ဖို့ဒ်ရဲ့ လုပ်ငန်းမှာ လုပ်သားတွေရဲ့
ပေါင်းဆောင်ရွက်မှု ပိုမိုအဆင် ပြေလာတယ်။ အဲဒီလို ပိုမို အဆင်ပြေနိုင်ဖို့
အတွက် အမြင်မကြည်လင် တဲ့ အပြုသဘောမဆောင်တဲ့ လုပ်သားတချို့ကို
လည်း လုပ်ငန်းထဲက နေရာရွှေ့ပြောင်းတာမျိုး၊ ထုတ်ပယ်ပစ်တာမျိုးတွေ
လုပ်ခဲ့ရပါသေးတယ်။

အဲဒါကတော့ ဖို့ဒ်အနေနဲ့ သူ့အတ္တကို ထိန်းသိမ်းတဲ့ အရည်
အချင်းတစ်ခုလို့ ပြောရပါလိမ့်မယ်။ လုပ်သားတွေကို အခွင့်အရေးတွေ ပေး
တယ်။ လုပ်အားခတွေ တိုးမြှင့်ပေးတယ်။ ဒါဟာ သူ့အတ္တအကျိုးစီးပွား
အတွက် အသုံးပြုတာ ဖြစ်ပါတယ်။ အဲဒီ အတ္တအကျိုးစီးပွား အတွက်နဲ့ပဲ
လုပ်ငန်းခွင်မှာ အကျိုးမပြုတဲ့ လုပ်သားတွေကို ရွှေ့ပြောင်းထုတ်ပယ်ခဲ့ပါတယ်။

ဒါဟာ အတ္တကို အလွယ်တကူ ထိန်းသိမ်းခြင်းပဲ ဖြစ်ပါတယ်။
အဲဒီ ထိန်းသိမ်းမှုကို လူတိုင်း အလွယ်တကူ သဘောပေါက်နိုင်ပါတယ်။
အတုခိုးပြီး လိုက်လုပ်ဖို့ရာ မခဲယဉ်းပါဘူး။ ဖို့ဒ်အောင်မြင်တဲ့အချိန်မှာ သူ့လိုပဲ
မော်တော်ကားထုတ်လုပ်သူတွေ အလျှိုလျှိုပေါ်လာတယ်။

ဒါပေမယ့်ရေရှည်မတည်တံ့ကြပါဘူး။ နှစ်ပိုင်းလပိုင်းအတွင်း မှာပဲ
ဆုံးရှုံး ရပ်တန့်သွားကြပါတယ်။ ဖို့ဒ်ကို ယှဉ်ပြိုင်တဲ့ ကားထုတ်လုပ်ရေး
လုပ်ငန်းရှင်ကြီးတွေ ဘာကြောင့် ဆုံးရှုံးရပ်တန့်သွားရသလဲဆိုရင် အတ္တထိန်း
သိမ်းတဲ့ သဘောသဘာဝတွေကို သဘောမပေါက် လို့ပါပဲ။ အဲဒီလို ရပ်တန့်
သွားရတဲ့ လူတွေထဲမှာ ဖို့ဒ်ထက် အရင်းအနှီးများပြားသူတွေ ဖို့ဒ်ထက်

www.burmeseclassic.com

www.burmeseclassic.com



ပညာအရည်အချင်းသာသူတွေ ပါဝင်နေကြတယ်။ တချို့ဆိုရင် ဗို့ဒ်ထက် အရည်အသွေးပိုပြီးထက်မြက်တဲ့ လူတွေတောင် ပါပါသေးတယ်။ ဗို့ဒ်ရဲ့ပြိုင် ဘက်တွေထဲမှာ တစ်ယောက်ကတော့ ဗို့ဒ်နီးပါး ရောက်ရှိခဲ့ပါသေးတယ်။ အဲဒီလူဟာ ဗို့ဒ်ရဲ့အောင်မြင်မှုကို ဖြတ်ကျော်နိုင်တဲ့ အလားအလာကောင်းလည်း ရှိနေတယ်။ သူ့ အောင်မြင်မှု အရှိန်အဟုန်ဟာ အင်မတန် မြန်ဆန်ခဲ့ပါတယ်။

အဲဒီလူဟာ ဗို့ဒ်ထက် ဥပမိရုပ်လည်း ခံ့ညားတယ်။ ပညာ တတ် အရည်အချင်းရှိသူ ဖြစ်ရုံမက ရောင်းချရေးဆိုင်ရာအတတ်ပညာ ကိုလည်း ကျွမ်းကျင်သူ ဖြစ်နေပါတယ်။ အဲဒီလူဟာ တစ်ချိန်က ကားအရောင်းတာဝန်ခံ ဖြစ်ခဲ့ဖူးတယ်။ တခြား စက်မှုလုပ်ငန်းတွေမှာ သူ့လုပ်ဆောင်ချက်တွေဟာ အောင်မြင်နေတယ်။

ဒါကြောင့် သူဟာ ငွေကြေးအရင်းအနှီးကို ဘယ်သူ့ဆီကမဆို အချိန်မရွေး လိုချင်သလောက် ယူသုံးနိုင်တဲ့ အခြေအနေမျိုးရှိတယ်။ ဒါကြောင့် တစ်ချိန်ချိန်မှာ အဲဒီလူဟာ ဗို့ဒ်ကိုကျော်ဖြတ်တော့မယ်လို့ တခြား စီးပွားရေး လုပ်ငန်းရှင်တွေက တွက်ပေးနေကြပါပြီ။

အဲဒီလူရဲ့ဆန်းပြင်းထန်တဲ့ အတွေ့ကြောင့် ရည်မှန်းချက်နဲ့စွမ်း အင်ဟာ အဆမတန် မြင့်မားနေတယ်။ သူဟာ အမေရိကန်နိုင်ငံမှာ ထိပ်ဆုံး မော်တော် ကားထုတ်လုပ်ရောင်းချသူ ဖြစ်ဖို့ သိပ်ကိုနီးကပ်လာပါပြီ။

ဒါပေမယ့် သူဟာ မမျှော်လင့်တဲ့ မော်တော်ကားထုတ်လုပ်မှု နယ် မြေကနေ လုံးလုံးလျားလျား ပျောက်ကွယ်သွားရပါတယ်။ အဲဒီ ဖြစ်ရပ်ကို သုံးသပ်ကြည့်တဲ့အခါမှာ အလွန်တရားအဖိုးတန်တဲ့ လက်တွေ့ သင်ခန်းစာတစ်ခု ရရှိနိုင်ပါတယ်လို့ နပိုလီယံဟေးလ်ရဲ့ စာအုပ်ထဲမှာ ဖော်ပြခဲ့ပါတယ်။

အဲဒီ သင်ခန်းစာကတော့…

အရှိန်အဟုန်နဲ့ အောင်မြင်မှုဟာ တစိမ့်စိမ့်တိုးတက်လာတာနဲ့ လုံး မတူပါဘူး။ တစ်ဆင့်ပြီးတစ်ဆင့် လှေကားတစ်ထစ်ချင်း မြင့်လာတာ



ပါဘူး။ အဲဒီ အောင်မြင်မှု အရှိန်အဟုန်ဟာ ဦးနှောက်ထဲကို ရုတ်တရက် င်သွားခဲ့ပါတယ်။ ဒါကြောင့် အတ္တဟာ ဖြစ်သင့်တာထက်ပိုပြီး အခေ င်ရားစွာ ကြီးထွားခဲ့လို့ ပွင့်ထွက်သွားတဲ့ သဘောမျိုးဖြစ်ပါတယ်။

ရှင်းရှင်းပြောရရင် ဘဝင်မြင့်ပြီး အောက်ခြေလွတ်လောက်အောင် င်မြင်သွားခဲ့ခြင်း ဖြစ်ပါတယ်။ ဒါဟာ အတ္တကို ထိန်းသိမ်းနိုင်စွမ်း မရှိ ပါပဲ။ အဲဒီလို မထိန်းနိုင် မသိမ်းနိုင်ရင် ရူးသွပ်တဲ့အထိ ဖြစ်သွားနိုင်ပါတယ်။

ဟင်နရီဖို့ဒ်ကတော့ သူ့အောင်မြင်မှုအတွက် သိမ်သိမ်မွေ့မွေ့ အသုံးချ ရှိတယ်။ အတ္တကိုကိုင်တွယ်ရာမှာလည်း ညင်သာတယ်။ အတ္တကို သူ ချင်သလို နိုင်နိုင်နင်းနင်း ပုံစံသွင်းခဲ့တယ်။

အဲဒီအချက်က ဟင်နရီဖို့ဒ်ကို ဆက်လက်ရေရှည် တည်တံ့နိုင် ခြင်း ဖြစ်စေနိုင်ခဲ့တယ်။ ဟင်နရီဖို့ဒ်ရဲ့ ပြိုင်ဘက်ကျဆုံးသွားတာ ဟာ ကို မထိန်းနိုင်မသိမ်းနိုင်လို့ပါပဲ။

တကယ်တော့ အောင်မြင်ခြင်းနဲ့ ကျဆုံးခြင်းဟာ ပြဒါးတိုင်တစ်ခုရဲ့ တစ်ဖက်ဆီမှာတည်ရှိတဲ့ အပူနဲ့အအေး ဆန့်ကျင်ဖက် အတိုင်း ဖြစ်တည် ပါတယ်။ အဲဒီ အစွန်းတစ်ဖက်ဆီမှာ တည်ရှိနေတဲ့ အစွန်းတရားနှစ်ခုကို တာ သဟဇာတဖြစ်လေအောင် ထိန်း သိမ်းကိုင်တွယ်မှုဟာ အကျိုးဖြစ် မှာပါ။ အကျိုးဖြစ်ထွန်းမှုဆိုတာကတော့ ကြွယ်ဝချမ်းသာမှုအပေါင်းကို ိုင်ခြင်းပဲ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းရှင်ကြီးတွေဟာ လုပ်ငန်းတစ်ခုခု အကောင် ည်ဖော်ရာမှာ ဖြစ်စေ၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် အမြတ် ဖို့ ဖြစ်စေပါတီပွဲတွေ ကျင်းပလေ့ရှိပါတယ်။ နယူးယောက်မြို့ရဲ့ ကြယ်ငါး အဆင့်ရှိတဲ့ ဟိုတယ်ကြီးတွေမှာ ခမ်းခမ်းနားနား ကျင်းပကြတာပါ။

အဲဒီလို ပါတီပွဲကြီးတွေမှာ ဟင်နရီဖို့ဒ်ကိုလည်း မဆုမလျော့ ဖိတ်ကြ ပါတယ်။ ဒါပေမယ့် ဟင်နရီဖို့ဒ်က ဘယ်တော့မှ တက်ရောက် လေ့မရှိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတစ်ဝန်းလုံးသာမက နိုင်ငံတကာအဆင့်အထိ ကျယ်ပြန့်နေပါတယ်။ အဲဒီလို လူစားရဲ့ ဦးနှောက်ထဲမှာ လုပ်ငန်းနဲ့ပတ်သက်တဲ့ အချက်အလက်တွေအားလုံး ပြည့်သိပ်နေအောင် ထည့်ထားရပါတယ်။ ဖို့ဒ်တို့ ခေတ်မှာ ကွန်ပျူတာမပေါ်သေးပါဘူး။ ဒါကြောင့် ရုတ်တရက် မမျှော်လင့်တဲ့ မမျှော်လင့်ထားတဲ့ နေရာအစိတ်အပိုင်းကလေး တစ်ခုက ဖြစ်ပေါ်လာတဲ့ ပြဿနာအတွက် ဘယ်လိုဖြေရှင်းမလဲဆိုတဲ့အဖြေကို ဖို့ဒ်ဦးနှောက်ထဲမှာ လောလောဆယ် ထည့်မထားနိုင်သေးပါဘူး။

မစ္စက်ဖို့ဒ်ကတော့ သူ့ရဲ့စံအိမ်နဲ့ပတ်သက်တဲ့ စီမံခန့်ခွဲရေး တာဝန်ဝတ္တရားတွေကို နေ့တစ်နေ့ရဲ့ မနက်ပိုင်းတည်းက ဆောင်ရွက်ပြီးစီးသွားပါပြီ။ ချက်ပြုတ်ရေးကိစ္စကို ချက်ပြုတ်သူသို့ ထပ်ဆင့်တာဝန်ခွဲပေးထားတယ်။ လျှော်ဖွပ်ရေးကိစ္စကို အဝတ်လျှော်သူကို စေခိုင်းပြီးပြီ။

အိမ်တွင်းသန့်ရှင်းရေး၊ အိမ်ပြင်ဘက်မှာ ရှိတဲ့ ခြံဝင်းသန့်ရှင်းရေး၊ ပန်းဥယျာဉ်စိုက်ခင်းအတွက်စတဲ့ လုပ်ငန်းတွေအတွက်လည်း အသီးသီး တာဝန်ခွဲပေးပြီး ဖြစ်တယ်။ ဖို့ဒ်ရဲ့စံအိမ်မှာ သူ့တာဝန်နဲ့ သူ ခွဲဝေစေခိုင်းထားတဲ့ အိမ်ဖော်နှစ်ယောက်လည်း ရှိပါတယ်။ အဲဒီ အိမ်ဖော်တွေဟာ သူ့တာဝန်နဲ့သူ အဂ္ဂက်စေ့စေ့ လုပ်နိုင်ကြသူချည်းပါပဲ။

ဒါကြောင့် မစ္စက်ဖို့ဒ်ဟာ မနက်စာစားပြီးချိန်ကစပြီး သူမရဲ့ ဦးခေါင်းထဲမှာ ဘာကိုမှ ထည့်ထားစရာ မရှိပါဘူး။ ဦးနှောက်ထဲမှာ ရှင်းနေပါတယ်။ ဒါကြောင့် မစ္စက်ဖို့ဒ်အတွက် ထစ်ထစ်ငေါ့ငေါ့ဖြစ်လာ တဲ့ ပြဿနာအသေးအမွှားလေး တစ်ခုနှစ်ခုလောက်ကို ဦးနှောက်ထဲထည့်ပြီး လွယ်လွယ်ကူကူ ဖြေရှင်းနိုင်တာပဲ ဖြစ်ပါတယ်။

ဒါဟာ…ဖို့ဒ်အတွက် အထူးအသုံးဝင်တဲ့ နေ့ဖြစ်နေပါတယ်။ တစ်နည်းပြောရရင် သူ့ဇနီးဆီကရလာတဲ့ အသိဉာဏ်ပေါင်းစပ်မှုကြောင့် အောင်မြင်နေပါတယ်။ အဲဒီလို မှန်မှန်ကန်ကန် အကူအညီပေးလေ့ရှိတဲ့ မစ္စက်ဖို့ဒ်ရဲ့



…တ်ရောက်မှုဟာ ဖို့ဒ်အပေါ်မှာ အထိုက် အလျောက် လွှမ်းမိုးနေပါတယ်။ …ယ့် အဲဒီ လွှမ်းမိုးမှုဟာ ချုပ်ကိုင်မှုမဟုတ်ပါဘူး။ ဖို့ဒ်အတွက် အကျိုးဖြစ် …တစ်ရပ်ပါပဲ။ တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် ဖို့ဒ်မှာ မစ္စက်ဖို့ဒ်ဆိုတဲ့ …မရှိခဲ့ရင် အောင်မြင်မှုတွေဟာ အခုလိုဆယ်စုနှစ်ပေါင်းများစွာ တည်တံ့ …ခက်ခဲပါလိမ့်မယ်။ ဖို့ဒ်အင်ပါယာဟာလည်း ဒီလောက် ကြီးကျယ်လာမှာ …တ်ပါဘူး။ ဖို့ဒ်ဟာ အကြီးအကျယ် ချမ်းသာကြွယ်ဝမှု ဖြစ်ထွန်းခဲ့သူ …ပါတယ်။ ဒါပေမယ့် သူ့စီးပွားရေးလုပ်ငန်းတစ်လျှောက်လုံး နှစ်ပေါင်း …ခန့်အတွင်းမှာ အမှားအယွင်းမဖြစ်ခဲ့ဖူးဘူးလို့ အတိအကျပြောလို့ မရပါဘူး။ …ာ လူသားတစ် ယောက်ဖြစ်တဲ့အတွက် အမှားကျူးလွန်ခဲ့ပါသေးတယ်။ … အမှား တွေထဲမှာ နှစ်ကြိမ်တိုင်တိုင် အကြီးအကျယ်ပြဿနာတက်ခဲ့ဖူးပါ …ယ်။ မှားယွင်းတဲ့ သန္နိဋ္ဌာန်ချမှုကြောင့်လို့ ဖို့ဒ်ကဝန်ခံခဲ့ပါတယ်။

ဒါပေမယ့် အဲဒီအချိန်ကစပြီး တတ်နိုင်သမျှ အမှားနည်းအောင် …ပြီး အဲဒီနည်းပါးတဲ့ အမှားဟာ (ပြန်လည်ပြုပြင်လို့ရတဲ့) အသေးအမွှားသာ ဖြစ်အောင်၊ သူ့ကိုယ်သူ ထိန်းချုပ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ …တဲ့ အမှားဟာ အတ္တထိန်းချုပ်မှု လွန်ကဲခြင်းကြောင့်ဖြစ်ရတယ်လို့ ယူဆစရာ …ကြောင်းရှိပါတယ်။

ဒါကြောင့် ချမ်းသာကြွယ်ဝမှု အလုံးစုံကို ပိုင်ဆိုင်ချင်တဲ့ လူတိုင်း …တ်ပြုရမှာက မိမိအတ္တကို မထိန်းချုပ်ဘဲလွှတ်ထားခဲ့ရင် အတ္တလွန်ကဲပြီး …ရဲ့အောင်မြင်မှုကို စောစောစီးစီး ပျက်စီးသွားစေနိုင်ပါတယ်။ အတ္တကို …န်းချုပ်မှုလွန်ကဲသွားရင်လည်း ဘောင်ခတ်ထားတဲ့ အတ္တနဲ့အတူ မိမိပါ …ာင်ခတ်ခံရမယ့် အခြေအနေမျိုး ဖြစ်ပေါ် နိုင်ပါတယ်။ ဒါကြောင့် အဲဒီလိုမျိုး …ဖြစ်ပေါ်ရအောင် အတ္တကိုထိန်းသိမ်းချုပ်ကိုင်တဲ့အခါ မိမိလည်း ထိန်းချုပ်မခံ …အောင် သတိထားရမှာ ဖြစ်ပါတယ်။ အတ္တကို မိမိဖြစ်စေချင်တဲ့ ပုံစံအတိုင်းကို …တ်နိုင်ပါတယ်။ ပုံဖော်နိုင်ပါတယ်။ ဒါပေမယ့် အဲဒီမှတ်ချက်ဟာ မိမိကိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



စေ၊ မိမိနဲ့လုပ်ဖော်ကိုင်ဖက်တွေကို ဖြစ်စေ ထိခိုက်နစ်နာသုံးရှုံးစေတဲ့ အဖြစ်မျိုး မဖြစ်ရအောင် သတိပြုဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဟင်နရီဖို့ဒ်ရဲ့ အိမ်ထောင်ရေးဟာ အသိဉာဏ်ပေါင်းစပ်မှု အ မရှိမဖြစ် လိုအပ်နေတဲ့အကြောင်းကို ရှေ့ပိုင်းမှာဖော်ပြခဲ့ပြီးပါ ပြီ။ အဲဒီအကြော နဲ့ ပတ်သက်ပြီး သင့်အတွက် ပိုပြီး အကျိုးဖြစ်ထွန်းအောင် တင်ပြပါမယ်

လူသားဟာ တစ်ဦးတည်း ဖြစ်ပေါ်လာတာမဟုတ်ကြောင်း အကျယ်ချဲ့ပြောဖို့ မလိုပါဘူး။ ဒါပေမယ့် မိသားစုနဲ့ဖြစ်စေ၊ အိမ်ထောင်ရေးနဲ့ စေ တစ်မျိုးမျိုးနဲ့ ပတ်သက်ဆက်နွှယ်နေကြပါတယ်။ အဲဒီလို ပတ်သက်ဆ နွှယ်နေတဲ့အတွက် သင့်ရဲ့ ချမ်းသာကြွယ်ဝမှု အလုံးစုံဖြစ်ဖို့ ဆောင်ရွက်ရာ အဲဒီ အိမ်ထောင်ရေးဟာ အရေးပါတဲ့အပိုင်းကဏ္ဍတစ်ခု ဖြစ်နေပါတယ်

စီးပွားရေးဆိုင်ရာကိစ္စ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စဉ်နဲ့ ရုပ်ဝတ္ထု ဖွံ့ဖြိုး တွေဟာ လူတိုင်းအတွက် အရေးကြီးနေတာပါ။

အဲဒီ ကိစ္စဖြစ်စဉ်၊ ဖွံ့ဖြိုးမှုတွေ အားလုံးပါဝင်နေတာကတော့ အိမ်ထောင်ရေးပါပဲ။

ဟင်နရီဖို့ဒ်လိုမျိုး ကမ္ဘာကျော် စီးပွားရေးလောကရဲ့ အောင်မြင် ချမ်းသာကြွယ်ဝမှု အလုံးစုံရရှိထားတဲ့ လူတစ်ယောက်ဟာ အသိဉာဏ်ပေါ စပ်မှုအတွက် ပထမဦးဆုံး စတင်အခြေခံတာဟာ သူ့အိမ်ထောင်ရေးဖြစ်ပါတယ် ဒါတွေကို ပြီးခဲ့တဲ့စာမျက်နှာမှာ ဖော်ပြခဲ့ပြီးပါပြီ။

သူလို ကြီးကျယ်တဲ့ လုပ်ငန်းရှင်တစ်ယောက်ဟာ အသိဉာဏ်ပေါ စပ်မှု အတွက် ဇနီးမစ္စက်ဖို့ဒ်ကိုစပြီး အခြေခံပါတယ်။

ဒါကြောင့် ဖို့ဒ်လိုပဲ ကြွယ်ဝချမ်းသာမှု အလုံးစုံကို လက်ဝ ရရှိနိုင်ဖို့ ဆောင်ရွက်တဲ့အခါမှာ စိတ်စွမ်းအင် ဖြစ်ပေါ်လာစေဖို့အတွက် သ အိမ်ထောင်ရေးကနေ စတင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။



'လင်နဲ့မယား လျှာနဲ့သွား' လို့ စကားပုံတစ်ခုက ဆိုထားပါ တယ်။ အဓိပ္ပာယ်က မကြာခဏ ထိမိ၊ တိုက်မိ၊ ကိုက်မိကြပါတယ်။ ရန် ဖြစ်မှုဘူး၊ စကားမများဖူးဘူးဆိုတဲ့ အိမ်ထောင်ရေးဆိုတာ မရှိပါဘူးလို့ ပြောကြတယ်။

အလုံးစုံ ပြည့်စုံနေတဲ့ ဘုရင်နဲ့ မိဖုရား၊ အိမ်ရှေ့စံနဲ့တော်ဝင် မင်းသမီးတို့တောင် တကျက်ကျက်ဖြစ်ကြတယ်။ လမ်းခွဲကြတယ် ဆိုတာတွေ ဟာ တကယ်တော့ ရုပ်ဝတ္ထုပစ္စည်းသာ ပြည့်စုံနေကြပြီး စိတ်ပိုင်းဆိုင်ရာပေါင်း စပ်မှု ချို့ယွင်းနေတာက အဓိကပါ။

လင်နဲ့မယား တစ်ဦးနဲ့တစ်ဦး ယုယကြင်နာမှု၊ မြတ်နိုးလေး လာမှု၊ အပြန်အလှန် စာနာထောက်ထားမှုတွေ ရှိနေဖို့ လိုအပ်ပါတယ်။ အဲဒီ အချက်တွေ သာ ပြည့်စုံနေတယ်ဆိုရင် လင်ယောကျ်ားရဲ့ ချမ်းသာ ကြွယ်ဝဖို့ရည်မှန်းချက် ဟာ အမြန်ဆုံး အောင်မြင်နိုင်မှာသေချာပါတယ်။

ဒါကြောင့် အောင်မြင်မှုရည်မှန်းချက် ကြီးကြီးထားပြီး ဆောင် ရွက်နေတဲ့ လင်ယောကျ်ားတစ်ယောက်ဟာ သူ့ဇနီးမယားနဲ့ အိမ်ထောင် ရေး အဆင်မပြေရင်အောင်မြင်မှု ကြိုးပမ်းရာမှာ ထစ်ထစ်ငေါ့ငေါ့နဲ့ အဆင်မပြေ ဖြစ်နေမှာပါ။ ဒါဟာ အရေးပါတဲ့အချက်တစ်ခု ဖြစ်နေပါတယ်။ အကောင်းဆုံး ကတော့ ချိုငှဲနွမ်းပါးနေတဲ့ ဘဝကနေ ချမ်းသာကြွယ်ဝတဲ့ အခြေအနေကို ရောက်ဖို့အတွက် လင်မယားနှစ်ယောက်စလုံး ပေါင်းသင်းဆက်ဆံရေး ပြေလည်နေရပါမယ်။

ဇနီးမယားကို မိမိကြိုက်တဲ့ ပုံစံမျိုးဖြစ်အောင် ဖန်တီးနိုင်သူ ဟာ လင်ယောကျ်ားပဲ ဖြစ်ပါတယ်။ အဲဒီလိုမျိုးနည်းတူ လင်ယောကျ်ားကို ဆွဲဆောင် ညှိနှိုင်းနိုင်သူဟာလည်း ဇနီးမယားပဲ ဖြစ်နေပါတယ်။

လင်နဲ့မယားဟာ မိသားစုတစ်ခုစီက ပေါက်ဖွားကြတဲ့သူစိမ်း တွေ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီ သူစိမ်းအချင်းချင်း ချစ်မြတ်နိုးမှု အရင်းခံပြီး

www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားထားပါတယ်။ ဒါကြောင့် ညစာစားပြီး အိပ်ယာမဝင်ခင်အချိန်
လင်နဲ့မယား စိတ်အေး ချမ်းသာစွာနဲ့ ဘဝတိုးတက် အောင်မြင်ရေးကို
ဆောင်ရွက်သင့်ပါ တယ်။

အဲဒီလို ဆွေးနွေးဖို့ကိစ္စကို မဆောင်ရွက်ခင် ချမ်းသာကြွယ်
အလုံးစုံကို ပိုင်ဆိုင်ရရှိရေးအတွက် ဆောင်ရွက်မယ့် လင်ယောကျ်ား
သူ့ဇနီးသည်ဟာ ဘယ်လိုအမျိုးအစားလဲဆိုတာကို ပထမဆုံးသိရှိ
ဖြစ်ပါတယ်။ လင်ယောကျ်ားအပေါ်မှာ အနိုင်ရချင်တဲ့ ပုံစံမျိုး မဖြစ်သင့်ပါ
ဇနီးသည်တစ်ယောက် ရှိရမယ့် စိတ်နေသဘောထားဟာ အင်မတန် အရေး
ပါတယ်။ အဲဒီလိုမျိုး စိတ်သဘောထားမရှိရင် ရှိအောင်ဖြစ်အောင်လု
ကြိုးတင်သတိပြုရပါမယ်။

*လင်ကို ငြိုငြင်စေတဲ့ အနေအထားမျိုး မဖြစ်သင့်ပါဘူး။* ဇနီးမ
ဟာ စီးပွားရေးကိစ္စဆွေးနွေးရာမှာ လင်ယောကျ်ားကို အပြုသဘောမျိုး ဖျော
ခွဲဆောင် သိမ်းသွင်းတတ်မှသာ အကျိုးဖြစ်ထွန်းမှာပါ။

ဒါကြောင့် ချမ်းသာကြွယ်ဝမှု အလုံးစုံကို ပိုင်ဆိုင်ဖို့ ရည်
ချက်ထားတဲ့လင်မယားဟာ ပြေပြေလည်လည် ဆွေးနွေးရမှာ ဖြစ်ပါတ
ဆွေးနွေးရမယ့် ဇနီးဟာ မိမိယောကျ်ားရဲ့ အလုပ်ကို စိတ်ဝင်စားဖို့က ပ
အရေးကြီးဆုံး ဖြစ်ပါတယ်။ လင်ယောကျ်ားရဲ့ လုပ်ငန်းတစ်ခုလုံးကို ပြည့်
စုံစုံမဟုတ်သည့်တိုင်အောင် လုပ်ငန်းရဲ့သဘောတရားလောက်ကိုတော့ အ
ဖျင်းသိထားဖို့ ကြိုးစားသင့်ပါတယ်။

ဒီလိုမှ သိမထားရင် လင်နဲ့မယားဆွေးနွေးမှုဟာ အရာရောက်
မဟုတ်ပါဘူး။ လင်ဘာတွေလုပ်နေမှန်း မသိ၊ လင်ရဲ့အလုပ်ကိုလည်း စိတ်
စား၊ လုပ်ငန်းသဘောတရားကိုလည်း နားမလည်ဘဲ လင်ရှာရသမျှငွေ
ထိုင်ဖြုန်းတတ်တဲ့ မိန်းမစား၊ လင်ရှာလာတဲ့ငွေကို အတိုင်းအတာကာလတ
အထိ ငြိမ်းခြံ့၊ စီစစ်မသုံးစွဲဘဲ အချိန်အခါမရွေး လင့်ဆီမှာ လက်ဖြန့်တောင်



သားမျိုး၊ လင်ကငွေကို ဖောဖောသီသီထုတ်ပေးရင် ကျေကျေနပ်နပ်ကြီး
ယ်ပြီးတော့ လက်ခံလေ့ရှိပြီး တောင်းသလောက်မပေးနိုင်ရင် ရူရူအောင့်
င့် မျက်နှာကြီး ပုပ်သိုးနေတဲ့ မိန်းမမျိုးတွေဖြစ်နေရင် စီးပွားရေးအတွက်
နွေးလို့ အကျိုးဖြစ်ထွန်းမှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့ ဇနီးမယား တစ်ယောက်ဟာ ကိုယ့်ယောကျ်ားရဲ့
ငန်းကိုစိတ်ဝင်စားပါ။ လုပ်ငန်းမှာဆောင်ရွက်ခဲ့တဲ့ ယောကျ်ားရဲ့ အောင်မြင်မှု၊
ရုံးမှု၊ စိတ်အလိုမကျ ဖြစ်ခဲ့ရမှုတွေကို စာနာစိတ်နဲ့ စိတ်ပါဝင်စားစွာ
ထောင်ပါ။ ပြေလည်မယ့်နည်းလမ်းကို စိတ်အေး အေးထားပြီး ကူညီအဖြေ
ပေးပါ။ လင်ယောကျ်ားဟာ အလုပ်နဲ့ပတ်သက်ပြီး မကျေနပ်လို့ စိတ်လိုက်
ပါပေါက်ကွဲပွင့်ထွက်တော့မယ့် အခြေအနေမျိုးဖြစ်နေပြီဆိုရင်လည်း
ညင်သာသာနဲ့ တည်ငြိမ်လာအောင် ဖန်တီးပေးပါ။ စိတ်အာရုံကို သိမ်မွေ့နေ
င် အရပ်ကြီးစား၊ လိုင်းပြောင်းတဲ့သဘောမျိုး စိတ်ပြောင်းပေးပါ။ တစ်ခါတလေ
လောဆယ် အခြေအနေမှာ ကြီးကျယ်တဲ့ ပြဿနာလို့ ယူဆရပေမယ့်
ပိုင်းအတွင်းမှာ အပြောင်းအလဲကြောင့် ပြဿနာအသေးအမွှားအဖြစ်
င်းလဲသွားတတ်ပါတယ်။ ဒါက ကိုင်တွယ်ဖြေရှင်းမှုအပေါ်မှာ မူတည်နေ
တယ်။ အဲဒီလို ဖြေရှင်းနိုင်တဲ့ လင်ယောကျ်ားမျိုးဖြစ်အောင် မယားက
င်းဖျနိုင်ပါတယ်။ အဲဒီလို နှစ်သိမ့်ဖျောင်းဖျမှု မပေးဘဲ အတိုအထောင်
ပေးလိုက်ရင်တော့ လင်ယောကျ်ား အတွက် ဆိုးကျိုးသာ ဖြစ်သွားပါလိမ့်မယ်။

*'ကျွန်မတို့ကတော့ လင့်အလုပ်ကို ဝင်မရှုပ်ပါဘူး၊ သူ့ရှာပေး တဲ့*
*ငွေနဲ့ သုံးတာပဲ ရှိပါတယ်။ ပေးနေကျ ဝင်ငွေထက် လျော့လာ ရင်တော့*
*ယ်ဘူး ပြဿနာရှာလိုက်တာပဲ၊ ဘယ် မယားယေ် ပေးခဲ့လို့လဲ ဆိုတဲ့*
*စကားမျိုးနဲ့ပေါ့နော်။ ဒါဆို ကိုယ်တော်ချော ကြံ ဖန်ပြီး မပြည့် ပြည့်အောင်*
*ဖြည့်ပေးရတော့တာဘဲ'* ဆိုတဲ့ စကားမျိုးကို ဂုဏ်ယူသလိုသဘောမျိုး၊

www.burmeseclassic.com

www.burmeseclassic.com



မြို့န်ရေရှက်ရေနဲ့ လူတောထဲချဲ့ ပြောနေတတ်တဲ့ မိန်းမမျိုးကို သင်ကိုယ်တို မကြာခဏ တွေ့ဖူးမြင် ဖူးကြားဖူးခဲ့မှာပါ။

ဒါပေမယ့် အဲဒီ မိန်းမဟာလင်ယောကျ်ားကို ဘဝအဆင့် အတ မြင့်အောင် ကူညီဖို့ထက်ချောက်ထဲကျအောင် တွန်းချမယ့် မိန်းမစားမျိ ဖြစ်နေတာကို သူမကိုယ် သူမသိပုံမရပါဘူး။

လင်နဲ့မယား စိတ်ချင်း၊ရုပ်ချင်းပေါင်းစပ်ရာမှာ အကြောင်း မ အကြောင်းရှာပြီး နားပူနားဆာလုပ်တာတွေ၊ တစ်ယောက်ကိုတစ်ယော အနိုင်ရချင်တာတွေဟာ မူလက ဖြစ်ပေါ်ခဲ့တဲ့ ချစ်ချင်းမေတ္တာကို မုန်းတီးမှုအဖြ ပြောင်းလဲနေတာနဲ့ အတူတူပါပဲ။

ဒါကြောင့် ချမ်းသာကြွယ်ဝမှု အပေါင်းကို ရယူပိုင်ဆိုင်နိုင်ဖို့အတွ ကျယ်ပြန့်တဲ့ ရည်မှန်းချက်ပန်တီးမယ့် ဇနီးမောင်နှံဟာ တစ်ယောက်နဲ့တစ်ယော အချစ်မေတ္တာနဲ့ ကြင်နာယုယမှု၊ အပြန်အလှန် မြတ်နိုးလေးစားမှုစတဲ့ အချ အလက်တွေနဲ့ ပြည့်စုံရမှာဖြစ်ပါတယ်။

**Home Sweet Home** လို့ စာတန်းလေးတွေ ချိတ် ထားတဲ့ အိမ်တချို့ကို သင်သတိထားမိပါလိမ့်မယ်။ လင်ယောကျ်ားဟ တစ်နေ့ပတ်လုံး လုပ်ငန်းခွင်မှာ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး ပင်ပန်းကြီး လုပ်ကိုင်အားထုတ် ကြိုးပမ်းခဲ့ရသူ ဖြစ်ပါတယ်။ စိတ်ဖိစီးမှုဒဏ်၊ ခန္ဓာကို အသုံးချဆောင်ရွက်ခဲ့တဲ့အတွက် ပင်ပန်းနွမ်းနယ်မှု ဒဏ်တွေကို ခံစားလာရတာ

သူ့အိမ်ရာကို ပြန်ရောက်လာတာနဲ့ တစ်ပြိုင်နက် အဲဒီပင် နွမ်းနယ်မှုအားလုံး ပြေပျောက်ပြီး သာယာလန်းဆန်းမှု ဖြစ်ရအောင် ဆို ရည်ရွယ်ချက်နဲ့ အဲဒီစာတန်းလေးကို ချိတ်ဆွဲထားတာပါ။ တကယ်တမ်းဖြ မှာက အဲဒီ စာတန်းရဲ့ရည်ရွယ်ချက်ကို လက်တွေ့ ကျကျအကောင်အထည် နိုင်ဖို့က အရေးကြီးပါတယ်။ အိမ်ထဲကိုဝင်လိုက်တာနဲ့ တစ်ပြိုင်နက် စိတ်အ လန်းဆန်းစရာ၊ သန့်ရှင်းသပ်ရပ်တဲ့မွှမ်းမံမှု၊ ရုပ်ဝတ္ထုသာမက ကြည်ကြ



လင်အပြုံးနဲ့ ကြိုဆိုလက် ကမ်းနေတဲ့ ဇနီးမယားကိုလည်း တွေ့ရပါတယ်။ ကြိုဆိုတဲ့အပြုံး ဟာ လင်ယောကျ်ားအတွက် ရင်ထဲအသည်းနှလုံးထဲမှာ ရော ကိုယ်ပါ လှိုက်လှိုက်လှဲလှဲ ဖြစ်စေရပါမယ်။

အဲဒီလို သာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေးပျော်ရွှင်မှုကို ဇနီး သည်က တီးနိုင်ပါတယ်။ အဲဒီလို အိမ်ထောင်ရှင်မနဲ့ နေရတဲ့လင် ယောကျ်ားဟာ ယ်လိုလုပ်ငန်း မျှော်မှန်းချက်မဆို အောင်မြင်မှုသရဖူ ကို ဆောင်းနိုင်မှာ ချာနေပါတယ်။

မယားအမျိုးမျိုး အစားစားကို မြန်မာမှုနယ်ပယ်မှာ ရှေးအစဉ် လာထဲကတည်းက သတ်မှတ်ခဲ့ကြပါတယ်။ သခင်နဲ့တူသောမယား၊ နဲ့တူသောမယား၊ အခွေခင်ပွန်းနဲ့တူသောမယား၊ ရန်သူနဲ့တူသော မယား၊ သူနဲ့တူသောမယား၊ အမိနဲ့တူသောမယား၊ နှမနဲ့တူသောမယားစတဲ့ ယားတစ်ယောက်ချင်းရဲ့ စရိုက်လက္ခဏာတွေပေါ်မှာမူတည်ပြီး ခွဲခြား တ်မှတ်ထားပါတယ်။ ဒါပေမယ့် ဘယ်လိုမယားအမျိုးအစားမှာ ပါဝင်နေ ဲဖြစ်ဖြစ်၊ မိန်းမတိုင်းမှာ မိခင်စိတ်ရှိနေတတ်ကြပါတယ်။ အဲဒီ မိခင်စိတ်ရှိ ချင်း အနည်းနဲ့အများတော့ ကွာခြားပါလိမ့်မယ်။ မိခင်စိတ်ဆိုတာ ဟာ သမီးအတွက် စွန့်လွှတ် အနစ်နာခံခြင်း၊ ရင်အုပ်မကွာထိန်းသိမ်းပြုစု င့်ရှောက်ခြင်း၊ မကောင်းမှု ဖြစ်ပေါ်လာမယ့်ကိစ္စကို တားမြစ်ပိတ်ပင်ခြင်း၊ ကောင်းမှုပြုလုပ်ဖို့ ညွှန်ကြားခြင်းစတဲ့ လုပ်ရပ်တွေပါပဲ။

အဲလိုမျိုး မိခင်စိတ်ရှိတဲ့ မယားကို မိခင်နှင့်စရိုက်လက္ခဏာချင်း တယ်လို့ သတ်မှတ်ထားခြင်း ဖြစ်ပါတယ်။ အဲဒီလိုမျိုးဖြစ်အောင် ဇနီးမယား တွေဟာ ကိုယ့်ကိုယ်ကို ပြုပြင်ပြောင်းလဲဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ကြွယ်ဝချမ်းသာမှု အလုံးစုံကို ပိုင်ဆိုင်ဖို့အတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်တဲ့ လင်ယောကျ်ားအဖို့ အဲလိုမျိုး ဇနီးမယားဟာ ကြီးမားတဲ့ အထောက်အကူ ဖြစ်နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရရင်တော့ မိမိလင်ယောကျ်ားဟာ အောင်မြင်ထင်ရှ
နေတဲ့ လုပ်ငန်းရှင်တစ်ယောက်အဖြစ် ချမ်းသာကြွယ်ဝလာခဲ့ရင် အဲဒီ အက
သက်ရောက်မှုကို အနီးကပ်ဆုံးမှာရှိနေတဲ့ ဇနီးမယားကအရင်ဆုံး ခံစားစံစားရ
ဖြစ်ပါတယ်။ ဒါကြောင့် အဲလိုမျိုးစံစားချင်ရင် မိမိလင်ယောကျ်ားကို အောင်မြ
မှုပန်းတိုင်ရောက်တဲ့အထိ မိခင်စိတ်နဲ့ သာယာနှစ်လိုဖွယ်ရာ တွန်းပို့ပေး
လိုပါတယ်။

လင်နဲ့မယား အသိဉာဏ်ပေါင်းစပ်မှုကို ရရှိနိုင်ဖို့အတွက် ရည်မှန်းချ
ကြီးကြီးမားမားထားရှိတဲ့ အိမ်ထောင်ရှင် လင်ယောကျ်ားအနေနဲ့ကလည်
မိမိ မယားကိုမိမိဖြစ်စေချင်တဲ့ အသွင်သဏ္ဍာန်နဲ့ စိတ်နေသဘောထားမျ
ရရှိဖို့အတွက် ချစ်ခြင်းမေတ္တာကို အခြေခံပြီး ယုယကြင်နာစွာ စည်းရုံးရမှ
ဖြစ်ပါတယ်။

လင်နဲ့မယားတိုင်း ပြဿနာတစ်ခုမဟုတ်တစ်ခု ဖြစ်စမြဲဆို ပေမ
လင်နဲ့မယား အချင်းချင်း ချစ်မေတ္တာစိတ်နဲ့ လွှမ်းခြုံထားခဲ့ရင် ကြီးမား
ပြဿနာဟာ သေးငယ်သွားပါလိမ့်မယ်။ သေးမွှားတဲ့ ပြဿနာဆိုရင်လည
လုံးဝ ပျောက်သွားပါလိမ့်မယ်။

အဲဒါဆိုရင် မိမိ ဖြစ်စေချင်တဲ့ ပုံသဏ္ဍာန်တွေဟာ ရှောရှော ရှ
ဖြစ်ဖို့သေချာနေပါပြီ။ အသိဉာဏ်ပေါင်းစပ်မှုကတ္တာရဲ့ အနီးကပ် ဆုံးဖြစ်
လင်မယားဆက်ဆံရေးပြေပြစ်မှုကို အခြေခံပြီး ဖော်ပြပြီး ပါပြီ။ ဇနီးမယာ
ဆိုတဲ့နေရာမှာ တကယ်လို့သာ ချမ်းသာကြွယ်ဝမှု အလုံးစုံကို ပိုင်ဆိုင်ရရှိ
အတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်သူက ဇနီးမယားမရှိသူ ဖြစ်နေခဲ့
လည်း မိမိနှင့်အတူနေထိုင်ကြတဲ့ မိသားစု (မိဘ၊ ညီအစ်ကို၊ မောင်နှမတွေ
ပြေပြေလည်လည် ဆက်ဆံနိုင်ဖို့ လိုပါတယ်။



ဒါဆိုရင် အဲဒီမိသားစုရဲ့ အခင်ပြေမှုဟာ မိမိရဲ့ရည်မှန်းချက်တွေ
ဆောင်ရာမှာ အောင်မြင်မှုအတွက် ကြီးမားလှတဲ့အထောက်အကူတစ်ရပ်
နေမှာပါ။

ဒါကြောင့် ဇနီးမယားရှိသူဖြစ်ဖြစ်၊ မိသားစုနှင့်အတူ နေသူပဲ ဖြစ်ဖြစ်၊
ရဲ့ အနီးကပ်ဆုံးနေရာမှာ ရှိနေကြသူတွေကို အသိဉာဏ် ပေါင်းစပ်မှုသဘော
ရားအဖြစ် စည်းရုံးရမှာ ဖြစ်ပါတယ်။

ယုံကြည်မှု စွမ်းအင်နဲ့ ပတ်သက်လို့ ရှေ့ပိုင်းမှာ အလျဉ်းသင့်သလို
ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမယ့်လို့ ပိုမိုပြီး ပြည့်ပြည့်စုံစုံ တင်ပြစရာအကြောင်း
ပါတယ်။ စနစ်တကျ ဖြစ်ပေါ်လေ့ရှိတဲ့ စွမ်းအင်နဲ့ ပတ်သက်ပြီး တင်ပြရမှာ
ဖြစ်ပါတယ်။

**စနစ်တကျဖြစ်ပေါ်လေ့ရှိတဲ့စွမ်းအင်** ဆိုတာ ကျွန်ုပ်တို့နေထိုင် ကြတဲ့
ကြာဝဠာကြီးအတွင်းမှာ အစစ်အမှန် ဖြစ်တည်နေပါတယ်။ အဲဒီအချက်ကို
သိပ္ပံပညာရှင်တွေက အခိုင်အမာ ထုတ်ဖော်ပြီးပါပြီ။

နေစကြာဝဠာတစ်ခုထဲမှာ ဖြစ်တည်နေကြတဲ့ ဂြိုဟ်တွေ၊ နက္ခတ်
တာရာတွေအားလုံးဟာ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာဖြစ်နေကြတာ မဟုတ်ပါဘူး။
သဘာဝရဲ့ အစီအစဉ်နဲ့ စနစ်တကျဖြစ်လေ့ရှိတဲ့ စွမ်းအင်အရ သူ့နေရာနဲ့သူ၊
လမ်းကြောင်းပေါ်မှာ အချိန်မှန်မှန်ပုံမှန်အရှိန်နှုန်းထားအလိုက် နေကိုဗဟိုပြုပြီး
လည်လာနေကြတာပါ။

ဒါတွေဟာ အကြီးမားဆုံး ဂြိုဟ်ကအစ၊ အသေးငယ်ဆုံး ပရိတွန်၊
သက်ထရွန်အထိ စနစ်တကျ ဖြစ်လေ့ရှိတဲ့ စွမ်းအင်ရဲ့ ဆောင်ရွက်မှုတွေကြောင့်
နေကြတာပါ။

အဲဒီ စွမ်းအင်ဟာ သက်ရှိ သက်မဲ့ရုပ်ဒြပ်အားလုံးတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ
တွေးအခေါ်သဘောတရားတွေမှာလည်း ပါဝင် ပတ်သက်ဆက်နွှယ်နေကြ
ပါတယ်။ အဲဒီ စွမ်းအင်ဟာ အင်မတန် စိတ်ဝင်စားစရာကောင်းနေပါတယ်။

www.burmeseclassic.com

**(၃၃) အလွန်တရာစိတ်အားထက်သန်ခြင်း**

ဒီအချက်ဟာလည်း အောင်မြင်မှုကို ထူးထူးခြားခြား ရနိုင် တဲ့သဘော
တရားတစ်ခုပါ။ စိတ်မပါဘဲနဲ့ လုပ်တာထက် စိတ်အားထက်သန်
လုပ်ကိုင်တဲ့အတွက် စိတ်ရောကိုယ်ပါ ထပ်တူထပ်မျှ ပါလာ
တယ်။ မိမိက စံပြနမူနာအဖြစ် ဆောင်ရွက်ပြမှုလိုက်တာ
မြင်လိုက်ရတဲ့လုပ်ဖော်ကိုင်ဖက်တွေက အလိုလိုနေရင်း စိတ်ပါ
ကြတယ်။ မိမိလုပ်တာကို ကြည့်ပြီး သူတို့လည်း စိတ်အားထ
သန်စွာ လိုက်လုပ်ကြလေ့ရှိပါတယ်။ ဒါကြောင့် ကြီးပွားချမ်းသာ
သန့် ရှိသူတိုင်း အရာရာမှာ အလေးအနက်ထားပြီး အလွန်တ
စိတ်အားထက်သန်စွာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါဆို
ကျန်တဲ့လူတွေထဲမှာ ရေသာခို အချောင်လိုက်ချင် သူတွေတော
သူတို့ကိုယ်သူတို့ သိမ်ငယ်သွားမှာကို စိုးရိမ် စိတ်ဖြစ်ပေါ်လာ
တယ်။ ဒါကြောင့် မိမိနဲ့ ထပ်တူထပ်မျှ စိတ်အားထက်သန်
တက်ညီလက်ညီလိုက်လုပ်ရတဲ့အဖြစ် မျိုးတွေ အများကြီးရှိခဲ့
တယ်။ အဲဒီဖြစ်ရပ်ကြောင့် လက်တွေ့စည်းရုံးလုပ်ကိုင်မှု
အရှိန်အဟုန်နဲ့ အောင်မြင်လာတာကိုတွေ့ရပါတယ်။

**(၃၄) ကျန်းမာသန့်ရှင်းသော အလေ့အထရှိခြင်း**

ချမ်းသာကြွယ်ဝမှုအပေါင်းကို ပိုင်ဆိုင်နေကြတဲ့လူတိုင်းဟာ သူတို
အောင်မြင်နေတဲ့စီးပွားရေးကို ဆက်လက်ပိုင်ဆိုင်နေကြတဲ့အတွ
ရပ်ခန္ဓာကျန်းမာသန့်ရှင်းရေးကို အထူးဂရုပြုကြပါတယ်။ အထူးသ
အသက်အရွယ် အိုမင်းလာပေမယ့် ကျန်းမာရေး ယိုယွင်းမလာ
အောင် ခေတ်မီအစွမ်းထက်တဲ့ ဆေးဝါးတွေကို မှီဝဲပြီး
ထောက်နောက်ခံဖန်တီးထားကြပါတယ်။ လူရွယ်လူလတ်ပိုင်း
လူငယ် ခြေတက်တွေကတော့ လေ့ကျင့်ခန်းအတွက် ကျန်းမာ

စွမ်း ရေး အကူပစ္စည်းတွေနဲ့ နေ့စဉ်အချိန်တစ်ချိန် သတ်မှတ်လုပ်ကိုင်ကြပါတယ်။ လမ်းလျှောက်ခြင်း၊ ရေကူးခြင်း၊ ဓါက်ရိုက်ခြင်း စတဲ့လေ့ကျင့်ခန်းတွေဟာ ကျန်းမာရေး အထောက် အကူလုပ်ရပ်တွေ ဖြစ်ပါတယ်။ အစားအသောက်၊ အနေအထိုင်ကိုလည်း မဆင်ခြင်လို့ မဖြစ်ပါဘူး။ ကျန်းမာရေး ကောင်းမှသာ လုပ်ငန်းကို အားကြိုးမာန်တက် စိတ်ထက်သန်စွာ ဆောင်ရွက်နိုင်မှာပါ။ ဒါကို လူတိုင်း သိနေကြပါတယ်။ သိထားရုံလောက်နဲ့တော့ အလိုလိုနေရင်း ကျန်းမာလာမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျန်းမာရေးကို ကိုယ်တိုင်ကိုယ် ကျ ဆောင်ရွက်ရပါမယ်။ အကြောင်းအားလျော်စွာ စကား အဖြစ်သုံးတဲ့ ဖြစ်ရပ်တစ်ခု တင်ပြပါ့မယ်။

အဲဒီစကားကို သင်ကိုယ်တိုင် ကြားဖူးရင်လည်း ကြားဖူးခဲ့ပြီးဖြစ်ပါလိမ့်မယ်။ "သူဌေးသား ဝိတ်မသလို မလုပ်နဲ့" တဲ့။ "သူဌေးသားကဝိတ်ကို ဘယ်လိုမလို့တုန်း" … လို့ စပ်စုလိုက်တော့မှ တင်စားတဲ့ဥပမာကို သိလိုက်ရပါ တယ်။ ပိန်လှီနေတဲ့သူဌေးသားကို ကျန်းမာသန့်စွမ်းလာ အောင်လို့ ဖခင်သူဌေးကြီးက ဝိတ်မခိုင်းသတဲ့။ ဒါပေမယ့် ပင်ပန်းတဲ့အလုပ်ဆို လေတောင်မှ မချွန်ချင်တဲ့သူဌေးသား ဟာ အလေးမတဲ့အခန်းထဲကို အိမ်ကအလုပ်သမားနဲ့အတူ ဝင်သွားပြီး အတွင်းကနေ မင်းတုပ်ထိုးပြီး ဝိတ်လိုက်တယ်။ နောက်ပြီး အလုပ်သမားကို သူကိုယ်စား ဝိတ်မခိုင်းတော့တာပါပဲ။ အလုပ်သမား ဝိတ်မတဲ့အသံတွေ တအျောင်းအျောင်း တကျွင်ကျွင် ကြားနေရတော့ ဖခင်သူဌေးကြီး ကျေနပ်နေတာပေါ့။ သူဌေးသားကတော့ အလေးမအခန်းထဲမှာ တရေး တမောအိပ်စက်နေတာပဲ။ အချိန်ကာလတွေဟာ တစ်ပတ် ပြီးတစ်ပတ်၊ တစ်လပြီး တစ်လ ကုန်ဆုံးသွားတယ်။ သူဌေးသားဟာ ကြံ့ခိုင်မလာတဲ့အပြင်

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အာကာသသိပ္ပံပညာရှင်ကြီးတွေတောင်မှ သူ ရဲ့အာကာသသိပ္ပံဆိုင်ရာ လုပ်ငန်းတွေ တီထွင်ဆောင်ရွက်ရာမှာ အာနာ ကျင့်စဉ်ဟာ အနှောင့်အယှက်မဖြစ်တဲ့အပြင် အာရုံစူးစိုက် ဆောင်ရွက်မှုလုပ် တွေမှာ ပိုမိုတိုးတက် အောင်မြင်လာပါတယ်ဆိုရင် သင့်ရဲ့မျှော်မှန်းချက်ဖြစ် ကြွယ်ဝချမ်းသာမှုအပေါင်း ပြည့်စုံစေရေးကို ပိုပြီး အထောက်အကူပြု အမှန်တကယ်ဖြစ်နေပါပြီ။

ဆိုးကျိုးဖြစ်စေနိုင်တဲ့ အကြောင်းတရားတွေ လုံးဝပပျောက် စေနိုင် တယ်။ ဆိုးကျိုးတွေ ဖြစ်ပေါ်နိုင်စေတဲ့ အကြောင်းတရားတွေ ပပျောက်တဲ့အတွ မကောင်းကျိုးဟာ မဖြစ်တော့ပါဘူး။

ကောင်းမွန်တဲ့ရည်မှန်းချက်တွေ အောင်မြင်လာမှာပါ။

သင် သဘောပေါက်နိုင်မယ့် အလွယ်ကူဆုံး အကြောင်း အရာတ ကို ဖော်ပြရမယ်ဆိုရင် မကောင်းကျိုးနယ်ပယ် ကျယ်ပြန့်လာတာနဲ့အ ကောင်းကျိုးဖြစ်ထွန်းမယ့် နယ်ပယ်ဟာ ကျဉ်းမြောင်းသွားရသလို၊ ကောင်း ဖြစ်ထွန်းတဲ့ နယ်ပယ် ကျယ်ပြန့်လာတဲ့အခါ မှာလည်း မကောင်းကျိုးန ပယ်ဟာ ကျဉ်းမြောင်းသွားလေ့ရှိပါတယ်။ အလေ့အကျင့်ဆိုတာ နေ့စဉ်နှင့်အ ထပ်ကာတလဲလဲ ဆောင်ရွက်တဲ့ အခါမှာ အလေ့အထတစ်ခု ဖြစ်ပေါ်လာ ပါတယ်။ အဲဒီ အလေ့အထကို မလုပ်ရမနေနိုင်တဲ့ အခြေအနေမျိုး ရောက်လာ အခါမျိုးမှာ သင့်ဦးနှောက်ထဲ၊ အသည်းနှလုံးထဲ၊ ခန္ဓာကိုယ်တစ်ခုလုံးမှာ သွေးကြောတွေထဲကို စွဲမြဲစိမ့်ဝင်သွားလေ့ရှိပါတယ်။ အဲဒီလို ကောင်းမွန် အလေ့အထ စွဲမြဲလာတဲ့အခါမှာ ကောင်းကျိုးချမ်းသာ မှန်သမျှ ခံစားစံစားနေရ သေချာနေပါပြီ။

ပြီးခဲ့တဲ့ စာမျက်နှာတွေထဲမှာ ဖော်ပြခဲ့တဲ့အတိုင်း တိကျ ခိုင်မာ ရည်မှန်းချက်ရှိတဲ့ သင်ဟာ အနစ်နာခံဆောင်ရွက်နိုင်တဲ့ အလေ့အထ စွဲစွဲမြဲမြဲ လုပ်ဆောင်တတ်ပြီး အသိဉာဏ်ပေါင်းစပ် ခြင်းကိုလည်း ပိုင်ပိုင်နိုင်

ဆောင်ရွက်နိုင်ပြီဆိုရင် စနစ်တကျဖြစ်ပေါ် လေ့ရှိတဲ့စွမ်းအင်ဟာ သင့်အတွက် ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ အဲဒီစွမ်းအင်ဟာ သင့်ရည်မှန်းချက်ကို အောင်အထည်ဆောင် ကောင်းကျိုးပြုဖို့ ရောက်ရှိလာခြင်းဖြစ်ပါတယ်။

ဒါဆိုရင် သင့်မှာရှိနေပြီးသားဖြစ်တဲ့ ပြင်းထန်တဲ့ဆန္ဒဟာ င့်လုပ်ငန်းဆောင်ရွက်ရာမှာ အကျိုးဖြစ်ထွန်းစေမယ့် အကြံအစည်၊ တ်ကူးစိတ်သန်းတွေ ပေါ်လာတော့မယ်။ အဲဒီစိတ်ကူးတွေကို အကျိုး ဖြစ်ထွန်းစေတဲ့ လုပ်ရပ်အဖြစ် ပြောင်းလဲဖြစ်ပေါ်စေမှာ အမှန်ပါပဲ။

အဲဒီနိယာမဟာ နေ့စကြဝဠာတစ်ခုအတွင်းမှာ အရာအားလုံး နစ်တကျ သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ်တည်ပြီး သူ့လမ်းကြောင်း အတိုင်း လျားသွားလာနေကြပါတယ်။ အဲဒီအတိုင်းပါပဲ။ ဖော်ပြခဲ့တဲ့ အချက် (၁၆)ချက်စလုံးဟာ ဘယ်လိုပုံစံနဲ့ ဖြစ်ပေါ်နေပါတယ်ဆိုတာကို အချက်(၁၇) တ်နဲ့ ရှင်းလင်းဖော်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

အနောက်တိုင်းက လူတွေဟာ တစ်နေ့ကို လေးကြိမ်အစား အစာ နစ်စားတဲ့အလေ့အထ ရှိကြတယ်။ အရှေ့တိုင်းကတော့ အများအားဖြင့် ခြင်းနှစ်နပ်စားလေ့ရှိတယ်။ သူ့နိုင်ငံနဲ့သူ၊ သူ့အလေ့အထနဲ့သူ စားသောက် ကြတာဖြစ်ပါတယ်။ ဒါကတော့ မိမိနိုင်ငံနဲ့ မိမိအလေ့အထကို အလွယ်ကူဆုံး ပမာနဲ့ဖော်ပြတာပါ။

အဲဒီအတိုင်းပဲ ဖော်ပြခဲ့တဲ့ (၁၆)ချက်ကိုပြန်ကြည့်ရင် အကျိုး စေတဲ့ အချက်တွေကိုပဲ တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီအချက်တွေ အားလုံးပြည့် အောင် ဆောင်ရွက်တဲ့အခါမှာ မိမိရဲ့ကိုယ်ပိုင်နည်းလမ်းကို စနစ်တကျ လေ့အထဖြစ်အောင် လေ့ကျင့်ရမှာဖြစ်ပါတယ်။

ဒါမှသာ အလိုအလျောက်ဖြစ်နေတဲ့ အလေ့အထဖြစ်လာမှာပါ။

အဲဒီလို လုပ်လေ့လုပ်ထ စွဲစွဲမြဲမြဲ ဖြစ်လာတဲ့အခါကျတော့ တ်စွမ်းအင်တစ်ရပ်ဖြစ်လာပြီး ရည်မှန်းချက်ရဖို့ အထောက်အကူဖြစ်လာမှာ

www.burmeseclassic.com

ပြည့်စုံသွားပြီလို့ မယူဆနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သင် သိရှိနားလ
သဘောပေါက်ထားတဲ့ အကြောင်းအရာတွေနဲ့ သင့်လုပ်ငန်းစပြီးဆောင်ရွ
ပြင်ဆင်လုပ်ကိုင် အကောင်အထည်ဖော်ရတော့မှာ ဖြစ်ပါတယ်။ ဒါမှသ
ချမ်းသာကြွယ်ဝမှု အလုံးစုံဟာ သင့်လက်ထဲကို မလွဲမသွေ ရောက်လာမှာ

အရေးကြီးတဲ့အချက်ကို ဆက်ပြီးတင်ပြပါ့မယ်။ အဲဒီအချက်
သင် ဖြစ်ချင်တဲ့ဘဝကို ရောက်ရှိနိုင်ဖို့အတွက် အရှိန်အဟုန်တစ်ခုအဖြ
အသုံးဝင်တော့မှာ ဖြစ်ပါတယ်။ အဲဒါတွေဟာ စိတ်ပိုင်းဆိုင်ရာ အကြောင်းအ
တစ်ရပ် ဖြစ်ပါတယ်။ စိတ်ကိုအာရုံစူးစိုက်နည်းနဲ့ ပတ်သက်လို့ ပြီးခဲ့
အပိုင်းတချို့မှာ တစ်စိတ်တစ်ဒေသ ဖော်ပြခဲ့ပြီးပါပြီ။

အင်ဒရူးကာနေဂျီနဲ့ ပတ်သက်လို့ သူ့ရဲ့အရင်းနှီးဆုံး မိတ်ဆေ
များက ...

*"အင်ဒရူးမှာ တခြားလူတွေထက် ပိုပြီး ထူးခြားချက်တ
ရှိတယ်။ အဲဒါက သူ့စိတ်ကိုသူ နိုင်နိုင်နင်းနင်းနဲ့ စွမ်းဆောင်နိုင်တဲ့ အချက်
ဒါကြောင့် သူ့ရဲ့စိတ်စွမ်းအင်နဲ့ ဆုံးဖြတ်ချက်တွေဟာ ဘယ်တော့
အမှားအယွင်း မရှိခဲ့ဖူးဘူး။ နောက်ပြီး သူ ဆုံးဖြတ်ပြီးသား အကြော
အရာကိုလည်း ဘယ်တော့မှ ပြန်မပြင်ဘူး။ ပြန်ပြင်စရာ မလိုအောင် တိ
မှန်ကန်နေတယ်လေ"* လို့ ချီးကျူးစကား ပြောခဲ့ကြတယ်။

ဒါဟာ တကယ်တော့ အင်ဒရူးကာနေဂျီအနေနဲ့ အကြောင်
အရာတစ်ခုကို သူ ကြိုတင်လေ့လာထားတယ်။ ပိုင်ပိုင်နိုင်နိုင်သိရှိ နားလည်
သဘောပေါက်ပြီးမှ ဆုံးဖြတ်ချက်ချတာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီဆုံးဖြတ်
ချက်ကို တင်ပြလိုက်တဲ့အခါမှာ တချို့လူတွေဟာ အပေါ်ယံကိုရှုပ်တွေးပြီ
သူ့ဆုံးဖြတ်ချက်ကို ဝေဖန်ကြတာ ဖြစ်ပါလိမ့်မယ်။

ဒါပေမယ့် အင်ဒရူးက အစောကြီးကတည်းက သူ ချတော့ မဲ
ဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး အစကအဆုံးအထိ လေ့လာပြီးသား ဖြစ်နေတ



တယ်။ အမှားအယွင်း မရှိတဲ့ ပကာတိအမှန်အကန် ဆုံးဖြတ် ချက်ဖြစ်နေပါပြီ။
ကြောင့် သူ မပြင်တာပါ။

လူသားတွေဟာ လူ့သမိုင်းတစ်လျှောက်လုံး ဆင်းရဲမွဲတေ ခြင်း၊
ဂါဝေဒနာဖြစ်ပွားခြင်း၊ ဖိုးရိမ်သောကဖြစ်ရခြင်း၊ မသိနားမလည်ဘဲ ညှည်းပန်း
ခြင်းဆိုတဲ့ အုတ်တံတိုင်းလေးဖက် ကာရံထားတဲ့အထဲမှာ နေနေခဲ့ကြရပါ
တယ်။ သူတို့ဟာ ရုပ်ပိုင်းဆိုင်ရာဘဝနဲ့ပဲ စိတ်ပိုင်းဆိုင်ရာဘဝ ရဲ့လွတ်မြောက်မှု
ကို အပင်ပန်းခံပြီး ရှာဖွေနေကြပါတယ်။

ဒါပေမယ့် အဲဒီလို ရှာဖွေနေကြတဲ့လူတိုင်း မတွေ့ခဲ့ကြပါဘူး။
ဆီလျော်တဲ့ဥပမာတစ်ခု ဖော်ပြပါရစေ။

တစ်ခါက ပရော်ဖက်ဆာကြီးတစ်ယောက်ဟာ အင်မတန် သတိမေ့
တတ်ပါတယ်။ သူ့မှာ မိဘ၊ ဆွေမျိုးသားချင်းတွေ မရှိကြတော့ပါဘူး။
တည်းခိုဆောင်တစ်ခုရဲ့ အခန်းကျဉ်းလေးတစ်ခန်းမှာ တစ်ယောက်တည်း
အေးရမ်းနေထိုင်ပါတယ်။ သူ့မှာ ချို့ယွင်းချက်တစ်ခုရှိတယ်။

အဲဒါ သတိမေ့လျော့တတ်ခြင်းပါပဲ။

သူ့ပစ္စည်းတွေ၊ ကိုင်တွယ်နေကျ အရာဝတ္ထုတွေကို ဘယ်ထားလို့
ထားမှန်းမသိ၊ မေ့လျော့နေလို့ မကြာခဏ (အချိန်ကြာမြင့်စွာ)ပြန်လည် ရှာဖွေနေ
ရတတ်ပါတယ်။

အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ပရော်ဖက်ဆာကြီးက ရင်းနှီးတဲ့
မိတ်ဆွေတချို့ကို စကားစပ်မိလို့ ပြောပြပါတယ်။

*"ကျုပ် ညဥ့်နက်မှ အိပ်ရာဝင်လေ့ရှိတာ ခင်ဗျားတို့ သိနေကြ
ပါတယ်။ တစ်ခါတလေ ကျုပ်ဖတ်နေတဲ့ စာထဲ စိတ်ရောက်သွားပြီ ဆိုရင်
အချိန်ကို သိပ်အလေးအနက် မထားမိဘူးဗျ။ အရမ်းအိပ်ချင် လို့ မျက်ခွံတွေ
လေးလာမှ စာအုပ်ဆားချပြီး အိပ်ပစ်လိုက်တော့တာပဲ။ သန်းခေါင်ကျော်လို့
ရီပြန်တစ်ချက်ထိုးပြီးမှ အိပ်ဖြစ်တာ များပါတယ်။ ညတ်နေတာက*

www.burmeseclassic.com

www.burmeseclassic.com

## မှီငြမ်းကိုးကားစာအုပ်စာတမ်းများ

| | | |
|---|---|---|
| I | THE SECRET PATH? | PAUL BRUNTON |
| II | THINK AND GROW RICH | NEPOLEAN HILL |
| III | KEY TO SUCCESS | NEPOLEAN HILL |
| IV | AUTOSUGGESTION | J. LEWIS ORTON |
| V | MEMORY TIPS YOU'LL NEVER FORGET | PYLLIS SCHNEIDER |
| VI | TALES OF ADVENTURE AND IMAGLNATION | H.A. TREBLE |
| VII | MAKE YOUR MAGLC MIN D POWER WORK FOR YOU | LESLIE M. LECRON |
| VII | HOW TO STOP WORRYING AND START LIVING | DALE CARNEGIE |

BURMESE CLASSIC .com

## စိတ်ကြိုက်စာပေမှ ထွက်ရှိပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | မိုင်းကျော်သီဟ | သံသရာကြွေးနှင့် ဖြစ်ရပ်ဆန်းများ |
| ၂။ | မိုင်းကျော်သီဟ | ဝံအိမ်ကြီးထဲကဒေဝီကြီးနှင့်ဖြစ်ရပ်ဆန်းများ |
| ၃။ | ဒိန်ဂျယ်(လ်) | ချစ်သူအတွက်ရေးတဲ့စာ |
| ၄။ | ဒိန်ဂျယ်(လ်) | ချစ်သူအတွက်မနက်ဖြန် |
| ၅။ | သိင်္ဂီနွယ်+သဝိုးနွယ် | ချစ်သူအတွက်ခံစားမှုအသံနတ်စာများ |
| ၆။ | စိတ်ဓာတ်မြသန်း | တဝါးဝါးသဟာတဟားနှင့် ဖြစ်ရပ်ဆန်းဟာသများ |
| ၇။ | စိတ်ဓာတ်မြသန်း | ရယ်ရယ်မောမော ဂွတ်ဝင်ပုံပြင်များ |
| ၈။ | စိတ်ဓာတ်မြသန်း | ဘီလူးလေးကောင်နှင့် ပျော်စရာဟာသများ |
| ၉။ | စိတ်ဓာတ်မြသန်း | ကပ်သီးကပ်သတ်ဟာသအတိုအထွာများ |
| ၁၀။ | အောက်တိုဘာအောင်ကြီး | ဒေါ်မြကြည်၏ဒိုင်ယာရီ |
| ၁၁။ | ဘညိုကြီး | ဝိညာဉ်မဲ့လွမ်းခြင်း |
| ၁၂။ | ဒီဆူဇာ | လွတ်ပါတော် |
| ၁၃။ | နွယ်ဇင်ဦး(မြန်မာစာ) | ဟာသသရုပ်ဆောင်များ၏ ဘဝပုံရိပ်နှင့်အတွေးအမြင်များ |
| ၁၄။ | ဘညိုကြီး | လျှို့ဝှက်ဆန်းကြယ် မိန်းမငယ် |
| ၁၅။ | သဝိုးနွယ် | သင်ဘာကြောင့်အခုထိ မအောင်မြင်သေးသလဲ... အောင်မြင်အောင် ဘယ်လိုလုပ်မလဲ ...? |
| ၁၆။ | သဝိုးနွယ် | ကြယ်ကြွေသံသန |
| ၁၇။ | မောင်ဆန္ဒ(လယ်ဝေး) | ငြိမ်းလေပြီသော သင်္ချိုင်း |
| ၁၈။ | မောင်ဆန္ဒ(လယ်ဝေး) | ကြီးပွားရေးအတွက် သော့သယ်ကျမ်းချက် |

www.burmeseclassic.com

www.burmeseclassic.com

၁၉။ မောင်ဆန္ဒ(လယ်ဝေး) — မြတ်နိုးစရာ မိန်းမသား
၂၀။ မောင်ဆန္ဒ(လယ်ဝေး) — ကြောက်စရာ မိန်းမသား
၂၁။ အချစ်ချို — ချစ်သူမောင့်အတွက်လွမ်းခဲ့တာ
၂၂။ အချစ်ချို — အချစ်အတွက် နှလုံးသားခံစားမှု စာစုများ
၂၃။ သုတေသီဘုန်းမြင့်သွေး — သင့်ဘဝအောင်မြင်ရေး လျှော့ကားထစ်များ
၂၄။ မေသိင်္ဂီစိုး — နှစ်လအတွင်း ဟင်းလျာမထပ်အောင်ချက်နည်း
၂၅။ စွမ်းထက်အောင် — ချမ်းသာစေမည့် လက်တွေ့နည်းလမ်းများ
၂၆။ လှအေး (တမာမြေ) — ဗုဒ္ဓအလိုတော်ကျ ဘဝနေနည်း

အထက်ပါစာအုပ်များကို မြတ်ပန်းရဂုံစာပေတွင် မှာယူရရှိနိုင်ပါသည်။

## မြတ်ပန်းရဂုံစာပေ

အမှတ်-၁၉၄၊ ၂၉-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၁၃၉၄၅၀၊ ၀၉-၅၁၅၅၇၄၃

မောင်ဆန္ဒ(လယ်ဝေး)

# ပါရမီ ဆယ်ပါး

သတိုးနွယ်

အောင်မြင်တဲ့ လူတစ်ယောက်ဖြစ်ဖို့ ဘာတွေ လုပ်ရမလဲ

စိတ်ကြိုက်စာပေမှ ဆက်လက်ထွက်လာပါမည်။

www.burmeseclassic.com